ICNL

WWW.ICNL.ORG

info@icnl.org

ကဏ္ဍအလိုက် ဆန်းစစ်ချက်

# မြန်မာ့မီဒီယာ၏ အနာဂတ်ကို ကာကွယ်ခြင်း

ထုတ်ဝေသည့်ရက်စွဲ: ၂၀၂၅ ခုနှစ် ဇွန်လ။


အိုလီဗာ ပြုစုတင်ပြသည်။
စာတမ်းကို မူလအားဖြင့် ၂၀၂၅ ခုနှစ် ဧပြီလတွင် ထုတ်ဝေခဲ့သည်။
၂၀၂၅ ခုနှစ် ဇွန်လတွင် မွမ်းမံပြင်ဆင်ခဲ့သည်။



INTERNATIONAL CENTER
FOR NOT-FOR-PROFIT LAW

1126 16th Street NW #400

Washington, DC 20036

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

# မာတိကာ


၁။ နိဒါန်း ..... 3

၂။ လူ့အခွင့်အရေးအခြေခံ ပြုပြင်ပြောင်းလဲရေး ..... 5

၃။ အတိတ်ကာလရှိ မြန်မာ့စည်းမျဉ်းစည်းကမ်းများမှပေးသော သင်ခန်းစာ ..... 7

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲခြင်း ..... 12

၅။ မြန်မာ့မီဒီယာဥပဒေများကို ကိုင်တွယ်ဖြေရှင်းခြင်း ..... 18

၆။ ရာဇဝတ်မှုဥပဒေအား ပြုပြင်ပြောင်းလဲခြင်း ..... 26

၇။ လူ့အခွင့်အရေးချိုးဖောက်မှုများအား ပြန်လည်ကုစားခြင်း ..... 35

၈။ နိဂုံးချုပ် ..... 40

# ၁။ နိဒါန်း

မြန်မာ့တော်လှန်ရေးလှုပ်ရှားမှုသည် နိုင်ငံ့သမိုင်း၏ အရေးကြီးသော အချိန်အခါသမယတွင် ရောက်ရှိနေသည်။ ထိုကဲ့သို့ပင် လက်ရှိအချိန်အခါသည် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်သတ်မှတ်ရန်၊ ဒီမိုကရေစီစံနှုန်းအခြေခံသည့် ဥပဒေစည်းမျဉ်းများကို ရေးဆွဲထူထောင်ရန်နှင့် ကောင်းမွန်တိုးတက်သော အလေ့အကျင့်များကို ထုဆစ်ဖော်ဆောင်ရန် ဒီမိုကရေစီအရေးတွင် ပါဝင်ပတ်သတ်လှုပ်ရှားနေသူများအား အခြားမည်သည့်အချိန်အခါနှင့်မှမတူ တမူထူးခြားသောအခွင့်အလမ်းကို ပေးနေသည့် ကာလလည်းဖြစ်သည်။ ယခုကာလတွင် မြန်မာ့မီဒီယာစည်းမျဉ်းစည်းကမ်းများ[1] ပြုပြင်ပြောင်းလဲရေးသည် ပြီးခဲ့သည့်နှစ်ပေါင်းများစွာက ဖိနှိပ်ခံထားရသည့် မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်သာမက၊ အသွင်ကူးပြောင်းရေးကာလအတွင်း အဓိကကျသည့် (သတင်းအချက်အလက် လက်လှမ်းမီရရှိမှုကြောင့်) အသိဉာဏ်ပညာကြွယ်ဝနေသော ပြည်သူလူထု၏ အားကောင်းသည့် ပါဝင်ချိတ်ဆက်မှုကို မြှင့်တင်ရာတွင်လည်း အလွန်အမင်း အရေးကြီးနေပါသည်။

ဤအတွေးအခေါ်စာတမ်းသည် မြန်မာ့မီဒီယာစည်းမျဉ်းစည်းကမ်းများအား ဒီမိုကရေစီနည်းကျ ဖော်ဆောင်နိုင်ရန် အချိန်နှင့်အမျှဆင့်ကဲပြောင်းလဲလာနေသော ငြင်းခုန်ဆွေးနွေးမှုများကို အထောက်အကူပြုပါသည်။ စာတမ်း၏အစပိုင်းတွင် မီဒီယာစည်းမျဉ်းစည်းကမ်းများအတွက် လူ့အခွင့်အရေးအခြေခံ ချဉ်းကပ်မှုကို ဖွင့်ဆိုထားပြီး၊ ယခင်အစိုးရနှင့် စစ်အုပ်ချုပ်ရေး၏ မီဒီယာစည်းမျဉ်းစည်းကမ်းများအား ချဉ်းကပ်ပုံကို ပြည့်စုံကျစ်လျစ်စွာ ဝေဖန်သုံးသပ်ထားပါသည်။ နောက်ပိုင်း အခန်းများတွင်မူ မီဒီယာအခွင့်အရေးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာမခံချက်များ၊ မီဒီယာဆိုင်ရာ သီးခြားဥပဒေများ၊ မီဒီယာကိုဖိနှိပ်ရန် လက်နက်အဖြစ် မကြာခဏ အသုံးပြုလေ့ရှိသည့် ရာဇဝတ်မှုဆိုင်ရာ အထွေထွေဥပဒေများ နှင့် မီဒီယာစည်းမျဉ်းစည်းကမ်းများကြောင့် ပြဿနာဖြစ်စေသော သက်ရောက်မှုများ အပါအဝင် စည်းမျဉ်းစည်းကမ်းမူဘောင်၏ အစိတ်အပိုင်းများကို အသေးစိတ် လေ့လာဖော်ပြထားပါသည်။

[1] ဥပဒေအရ ချမှတ်ထားသော မီဒီယာဆိုင်ရာစည်းမျဉ်းများနှင့် မိမိဘာသာထိန်းကျောင်းရန် ကျင့်သုံးသော စည်းကမ်းများ။

အခန်းတစ်ခုစီတိုင်းတွင် သက်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို အကျယ်တဝင့် ရှင်းပြထားပြီး၊ လက်ရှိဥပဒေစည်းမျဉ်းများကို ဆန်းစစ်ကာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရွေးချယ်စရာများကို အဆိုပြုတင်ပြထားပါသည်။

အဆိုပါအချက်အလက်များကို ပြည့်စုံစွာ ခွဲခြမ်းစိတ်ဖြာတင်ပြခြင်းအားဖြင့် ပို၍ဒီမိုကရေစီဆန်ပြီး အားလုံးပါဝင်သော မီဒီယာပတ်ဝန်းကျင်ကို တည်ဆောက်ရန် ခက်ခဲသည့်ခရီးလမ်းကို ဖြတ်သန်းနေကြရချိန်၌ မြန်မာ့မီဒီယာအပါအဝင် တော်လှန်ရေးလှုပ်ရှားမှုတခုလုံးနှင့် ပိုမိုကျယ်ပြန့်သောပါဝင်ပတ်သတ်သူများအတွက် လက်တွေ့အသုံးချအကောင်ထည်ဖော်နိုင်သော အသိအမြင်နှင့် အကြံပြုချက်များကို ယခုစာတမ်းမှ ပေးအပ်ရန် ကြိုးပမ်းထားပါသည်။

## သုတေသနနည်းပညာ

စာတမ်းသည် ဒေတာအချက်အလက်များ၊ စာအုပ်စာတမ်းအခြေခံ သုတေသနပြုချက်များ၊ ဥပဒေရေးရာ ခွဲခြမ်းစိတ်ဖြာချက်များအပြင်၊ အရေးကြီးသည့် ကျွမ်းကျင်နားလည်သူများနှင့် လွတ်လပ်ကျယ်ပြန့်စွာ ဆွေးနွေးရာမှ ရရှိသည့် ရှုထောင့်မျိုးစုံအပေါ် သုံးသပ်ချက်များ အပါအဝင် အမျိုးမျိုးသော အရင်းအမြစ်များကို အသုံးပြုထားပါသည်။ မြန်မာနိုင်ငံ၏ ယခင်ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများမှ အတိတ်အတွေ့အကြုံများကို ထည့်သွင်းထားပြီး၊ နိုင်ငံတကာစံနှုန်းများနှင့် အကောင်းဆုံးအလေ့အကျင့်များအား ပညာရှင်အမြင်ဖြင့် ထပ်မံဖြည့်စွက်ပေးထားပါသည်။ မူဝါဒဆိုင်ရာ အကြံပြုချက်များကို အကဲဖြတ်ခြင်းနှင့် အဆင့်သတ်မှတ်ခြင်းတို့သည် သတင်းအချက်အလက်ပြည့်စုံသော ဆွေးနွေးမှုများကို အထောက်အပံ့ပြုရန် ရည်ရွယ်ပါသည်။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

# ၂။ လူ့အခွင့်အရေးအခြေခံ ပြုပြင်ပြောင်းလဲရေး

မြန်မာနိုင်ငံအစိုးရသစ်သည် သမိုင်းဝင် လမ်းဆုံလမ်းခွသို့ ရောက်ရှိလာမည်ဖြစ်ပြီး၊ မီဒီယာစည်းမျဉ်းစည်းကမ်းများ တည်ဆောက်ရာတွင် အမှန်တကယ် ဒီမိုကရေစီနည်းကျ၊ တိုးတက်သော၊ ရေရှည်တည်တံ့သော လူ့အခွင့်အရေးအခြေခံနည်းလမ်းဖြင့် ဦးဆောင်ဖန်တီးရန် အခွင့်အလမ်း ရရှိမည်ဖြစ်သည်။

လူ့အခွင့်အရေးသည် ဒီမိုကရေစီထူထောင်ခြင်း၏ အုတ်မြစ်ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းအတွက် လူ့အခွင့်အရေးအခြေခံချဉ်းကပ်မှုဆိုသည်မှာ လူ့အခွင့်အရေးများကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန်အတွက် ဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲအကောင်အထည်ဖော်ခြင်းကို ဆိုလိုသည်။ ၎င်းလူ့အခွင့်အရေးအခြေခံ ချဉ်းကပ်မှုသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တိုင်းတွင် တစ်ဦးချင်းနှင့် လူ့အသိုင်းအဝိုင်းများအား ဗဟိုပြုဦးစားပေးပြီး၊ လူတိုင်းအတွက် တန်းတူညီမျှမှု၊ ဂုဏ်သိက္ခာနှင့် စွမ်းရည်မြှင့်တင်မှုကို ဖော်ဆောင်ပေးသည်။

လူ့အခွင့်အရေးကိုရှေ့ရှုသောနည်းလမ်းဖြင့် မီဒီယာစည်းမျဉ်းစည်းကမ်းများအား ချဉ်းကပ်မှုသည် အောက်ပါအခြေခံစည်းမျဉ်းများကို ဦးစားပေးထားသည် -

**၁။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်။** ။ မီဒီယာသည် သတင်းအချက်အလက်နှင့် အတွေးအမြင်အမျိုးမျိုးကို စုံစမ်းထောက်လှမ်းရန်၊ လက်ခံရယူရန်နှင့် တင်ပြရန် လွတ်လပ်မှုရှိရမည်။ ဆင်ဆာဖြတ်တောက်မှု ကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံတကာဥပဒေက အတိအလင်းခွင့်ပြုထားသည့်နေရာများတွင်သာ ကန့်သတ်ရမည်။

**၂။ သတင်းအချက်အလက် လွတ်လပ်ခွင့်။** ။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် မီဒီယာမှ ထုတ်ပြန်သော သတင်းအချက်အလက်များကို အကန့်အသတ်မရှိ ရယူနိုင်ရမည်။

အပြန်အလှန်အားဖြင့် မီဒီယာကလည်း အစိုးရနှင့် အစိုးရလက်ဝယ်ရှိ သတင်းအချက်အလက်များကို ရယူနိုင်ရမည်။

**၃။ စုံလင်ကွဲပြားမှုနှင့် ဘက်ပေါင်းစုံပါဝင်မှု။** ။လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် လက်ဝါးကြီးအုပ်မှုနှင့် ခွဲခြားဆက်ဆံမှုများမှ ကင်းလွတ်သော မီဒီယာအမျိုးမျိုးက ထုတ်ပြန်သည့် မတူကွဲပြားသော အသံများနှင့် ရှုထောင့်များကို လက်လှမ်းမီရရှိနိုင်ရမည်။

**၄။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်။** ။ မီဒီယာသည် အစိုးရနှင့် အကျိုးစီးပွားပတ်သက်သူများ၏ ဩဇာလွှမ်းမိုးမှုမှ ကင်းလွတ်ကာ လွတ်လပ်စွာ လည်ပတ်နိုင်ရမည်။ မီဒီယာဆိုင်ရာ သမဂ္ဂများဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းတို့တွင် လွတ်လပ်မှုရှိရမည်ဖြစ်ပြီး၊ ပရော်ဖက်ရှင်နယ် အသင်းအဖွဲ့များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းထံမှ အထောက်အပံ့များ ရရှိရမည်။

**၅။ လွတ်လပ်မှုနှင့် လုံခြုံမှု။** ။ မီဒီယာလုပ်ငန်းများ၊ သတင်းသမားများနှင့် လျှို့ဝှက်သတင်းဖော်ထုတ်သူများ (whistleblowers)[2] အပါအဝင် သတင်းရင်းမြစ်များသည် မတရားဖမ်းဆီးထိန်းသိမ်းခံရခြင်း[3]၊ ခြိမ်းခြောက်ခံရခြင်း၊ အနှောင့်အယှက်ပေးခံရခြင်း၊ အကြမ်းဖက်ခံရခြင်းနှင့် လက်တုံ့ပြန်ခံရခြင်းတို့မှ ကင်းလွတ်ရမည်။

ဤစည်းမျဉ်းများသည် ဒီမိုကရေစီစံနှုန်းများကို ကိုယ်စားပြုသည်သာမက၊ တည်တံ့၍အစဉ်အလာရှိသော နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများတွင်လည်း ပါရှိထားပြီးဖြစ်သည်။ ထိုလူ့အခွင့်အရေးစံနှုန်းများအနက် အများစုသည် စာချုပ်အတည်ပြုထားမှု အခြေအနေနှင့်မဆိုင်ဘဲ နိုင်ငံများအပေါ် ဥပဒေအရ စည်းနှောင်မှုရှိပြီး လိုက်နာရန် တာဝန်ရှိသည်ဟု

[2] အဖွဲ့အစည်းတွင်း လျှို့ဝှက်ထားသည့် အများပြည်သူအကျိုးစီးပွားအား ထိခိုက်စေသော အမှားကျူးလွန်မှုများအကြောင်း ထုတ်ဖော်ပြောကြားသူများ။

[3] ဖမ်းဆီးထိန်းသိမ်းရန် ဥပဒေအရ ခွင့်ပြုချက်မရှိခြင်း၊ ဥပဒေအရ ထိန်းသိမ်းခွင့်ရှိသော်လည်း လုပ်ထုံးလုပ်နည်းအရ မမျှတခြင်း၊ ထိန်းသိမ်းစဉ် ဖမ်းဆီးရသည့်အကြောင်းနှင့် ပြုလုပ်ထားသည့် တရားစွဲဆိုချက်ကို အသိမပေးခြင်း အပါအဝင် ရှေ့နေခေါ်ခွင့်မပေးခြင်း စသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခြင်း၊ ထိန်းသိမ်းထားရန် ဥပဒေအရ တရားဝင်ရည်ရွယ်ချက်မရှိခြင်း၊ ပြည်တွင်းဥပဒေအရ တရားဝင်ရည်ရွယ်ချက်ပြနိုင်သော်လည်း ယင်းရည်ရွယ်ချက်သည် နိုင်ငံတကာဥပဒေ၏ ဆန်းစစ်ချက်များနှင့် မကိုက်ညီခြင်း၊ ရာဇဝတ်မှုပုဒ်မနှင့် ထိန်းသိမ်းခံရပါက ထိုသူကို သင့်လျော်သည့်အချိန်ကာလအတွင်း တရားသူကြီး သို့မဟုတ် ဥပဒေအရ တရားစီရင်ရေးအာဏာကို ကျင့်သုံးခွင့်ရှိသော အခြားဥပဒေအရာရှိတစ်ဦးဦးရှေ့မှောက်တွင် စီရင်ခံခွင့်မပေးခြင်း၊ အာမခံပေးခြင်းကဲ့သို့ အချိုးအစားမျှတသည့် အခြားရွေးချယ်စရာများရှိသော်လည်း မပေးဘဲ ထိန်းသိမ်းထားခြင်း စသောအခြေအနေများကို ဆိုလိုသည်။ အပြည့်အစုံကို ICCPR ပုဒ်မ (၉) တွင်လေ့လာနိုင်ပါသည်။

မှတ်ယူထားသည်။[4] နိုင်ငံတကာဥပဒေသည် ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် တရားမျှတသော တရားစီရင်ခွင့် အခွင့်အရေးများ အပါအဝင် မီဒီယာစည်းကမ်းထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အခြားအရေးကြီးသော နယ်ပယ်များကိုလည်း လွှမ်းခြုံထားသည်။ နိုင်ငံတကာယန္တရားများ၊ တရားရုံးများနှင့် ကျွမ်းကျင်ပညာရှင်များက နိုင်ငံတကာဥပဒေကို မီဒီယာဥပဒေစည်းမျဉ်းများ ဖန်တီးရာတွင် ယုံကြည်စိတ်ချရပြီး တရားဝင်သော "နိုင်ငံတကာစံနှုန်းများ" အစုအဝေးအဖြစ် အသေးစိတ်ဖော်ပြထားပြီး ဖြစ်သည်။[5]

# ၃။ အတိတ်ကာလရှိ မြန်မာ့စည်းမျဉ်းစည်းကမ်းများမှပေးသော သင်ခန်းစာ

မီဒီယာစည်းမျဉ်းစည်းကမ်းများအတွက် ရေရှည်တည်တံ့ပြီး လူ့အခွင့်အရေးအခြေခံချဉ်းကပ်သောနည်းလမ်းကို ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများ တစစတိုးတက်ပေါ်ထွန်းလာရာ လက်ရှိလမ်းကြောင်းကို သေချာစွာ စစ်ဆေးလေ့လာရန် လိုအပ်ပါသည်။ သမိုင်းကြောင်းအရဆိုလျှင် မြန်မာ့မီဒီယာစည်းမျဉ်းစည်းကမ်းဆိုင်ရာ အပြောင်းအလဲတိုင်းသည် လူ့အခွင့်အရေးများကို

---

[4] ကမ္ဘာ့လူ့အခွင့်အရေး ပြဋ္ဌာန်းချက်ကြီး (The International Bill of Human Rights) တွင် နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်း (၁၉၄၈ ခုနှစ်)၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (၁၉၆၆ ခုနှစ်) နှင့် ၎င်း၏ နောက်ဆက်တွဲ ရွေးချယ်စရာ လုပ်ထုံးလုပ်နည်း (Optional Protocols) နှစ်ရပ်၊ နှင့် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (၁၉၆၆ ခုနှစ်) တို့ ပါဝင်သည်။

[5] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို ပိုမိုပြည့်စုံပြီး အခိုင်အမာ စုစည်းထားသည်ကို ကြည့်လိုပါက၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (၂၀၁၁)၊ "အထွေထွေမှတ်ချက်အမှတ် ၃၄" တွင် ရှုပါ။ ကုလသမဂ္ဂသည် အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ပတ်သတ်ပြီး ယင်းကဲ့သို့သော အထွေထွေမှတ်ချက်ကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း သက်ဆိုင်ရာစံနှုန်းများ၏ အကျဉ်းချုပ်အတွက် ICNL (၂၀၂၃)၊ "ICC-PR ပုဒ်မ ၂၂ ပါ သက်ဆိုင်ရာ ဥပဒေရင်းမြစ်များ- လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်" တွင် ရှုပါ။

အများအားဖြင့်လျစ်လျူရှုကာ အခြေအနေအလိုက် နိုင်ငံရေးအရအဆင်ပြေမှု၊ အာဏာတည်မြဲအောင်ကြိုးပမ်းမှုနှင့် အကျိုးစီးပွားပတ်သက်မှုများကိုသာ ဦးစားပေးခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ယခင်နည်းလမ်းများသည် မီဒီယာလက်ဝါးကြီးအုပ်မှု၊ ဆင်ဆာဖြတ်တောက်မှု၊ ဝါဒဖြန့်ချိမှု၊ လျှို့ဝှက်မှု၊ ဥပဒေရေးရာခြိမ်းခြောက်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့်၊ ပြောစေချင်သော အဆိုပြုချက် သို့မဟုတ် တွေးစေချင်သော အတွေးအခေါ်ဖြစ်အောင် သတင်းအချက်အလက်များအား ချယ်လှယ်ခြင်း စသည်တို့ ဖြစ်ပေါ်စေခဲ့ပါသည်။ ဤအခန်းသည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများဆီသို့ ဦးတည်စေခဲ့သော မကြာသေးမီက စည်းမျဉ်းစည်းကမ်းအပြောင်းအလဲများကို တိုတိုရှင်းရှင်း ဖော်ပြထားပါသည်။

## စည်းမျဉ်းစည်းကမ်းကူးပြောင်းမှုစတင်ခြင်း

မြန်မာ့တပ်မတော်သည် တင်းကျပ်သော ဆင်ဆာစနစ်မှ ကူးပြောင်းမှုကို ၎င်းတို့၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စတင်ခဲ့သည်။ စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၏ ပထမဆုံးသော အရပ်သားတပိုင်းအစိုးရသည် မီဒီယာဥပဒေသုံးခုဖြစ်သည့် သတင်းမီဒီယာဥပဒေ (၂၀၁၄)၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) နှင့်၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ (၂၀၁၅) တို့ကို ပြဋ္ဌာန်းခြင်းဖြင့် ဤကူးပြောင်းမှုကို ပိုမိုတွန်းအားပေးခဲ့သည်။ အစပိုင်းတွင် ဤပြောင်းလဲမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေက တစိတ်တပိုင်းသာ ပေးအပ်ထားသောအခွင့်အရေးများနှင့် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ အခြေခံအကာကွယ်များကို ခွင့်ပြုပေးခြင်း၊ စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ယေဘုံယျအားဖြင့် လျှော့ချပေးခြင်းတို့အတွက် ကြိုဆိုခြင်းခံခဲ့ရသည်။[6] ထို့ကြောင့် ပြည်ပရောက်မီဒီယာများ ပြန်လာနိုင်ခဲ့ပြီး၊ လွတ်လပ်သော မီဒီယာအသစ် ပေါ်ပေါက်လာခဲ့ကာ၊ သတင်းသမားအသစ်များစွာ

[6] လူ့အခွင့်အရေးချိုးဖောက်မှုများ ယေဘုယျအားဖြင့် လျော့ကျလာခြင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေပုံမှန်သုံးသပ်မှု Universal Periodic Review အစီရင်ခံစာများဖြစ်ကြသည့် ၂၀၁၁၊ ၂၀၁၅ နှင့် ၂၀၂၁ ခုနှစ် အစီရင်ခံစာများကို နှိုင်းယှဉ်လေ့လာနိုင်ပါသည်- https://www.ohchr.org/en/hr-bodies/upr/mm-index

လုပ်ငန်းထဲဝင်ရောက်လာခဲ့ကြသည်။ အများပြည်သူလက်လှမ်းမီရရှိနိုင်သော သတင်းအချက်အလက်များ၏ အရည်အသွေးနှင့် စုံလင်ကွဲပြားမှုသည်လည်း သိသိသာသာ တိုးတက်လာခဲ့သည်။

သို့သော်လည်း USDP ၏ စည်းကမ်းထိန်းသိမ်းပုံနည်းလမ်းသည် မြန်မာ့ရာဇဝတ်မှုဥပဒေမူဘောင်၏ ရှင်းလင်းပြတ်သားမှုမရှိခြင်း နှင့် ခန့်မှန်းမရသောပြစ်ဒဏ်အကျိုးဆက်များကြောင့် လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့အမြစ်တွယ်လာနေသည့် နက်ရှိုင်းသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်ကြောက်ရွံ့မှုကိုမူ ဖြေရှင်းမပေးနိုင်ခဲ့ပါ။[7] USDP က "စည်းကမ်းပြည့်ဝသော" ဒီမိုကရေစီစနစ် ထူထောင်ရေးအပေါ် အလေးထားခဲ့သည်။ ယင်းသဘောထားသည် စည်းမျဉ်းဥပဒေအပြောင်းအလဲ၏ အကန့်အသတ်ရှိသော သဘောသဘာဝနှင့် ပတ်သက်ပြီး ၎င်းတို့၏ ထုတ်ပြန်ပြောဆိုမှုများတွင် ပေါ်လွင်ခဲ့သည်။ ၎င်းတို့က မီဒီယာများသည် မကြာခဏ "ကျင့်ဝတ်မဲ့စွာ" ပြုမူကြပြီး၊ နိုင်ငံသည် မီဒီယာဥပဒေသုံးခုတွင် ခွင့်ပြုထားသည်ထက် ပိုမိုကြီးမားသော ပြုပြင်ပြောင်းလဲမှုများအတွက် အဆင်သင့်မဖြစ်သေးကြောင်း အများပြည်သူသို့ အခိုင်အမာ ပြောကြားခဲ့သည်။[8] အဓိကအားဖြင့် USDP သည် မီဒီယာလုပ်ငန်းများအပေါ် ချမှတ်ထားသော စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ ကန့်သတ်ချက်တချို့ကို သတိထား၍ ဖြေလျှော့ရန်အတွက် ဥပဒေသုံးခုကို အသုံးပြုခဲ့သော်လည်း၊ နိုင်ငံတွင် ကာလကြာရှည်သြဇာလွှမ်းမိုးထားသော အာဏာအဆောက်အဦများအား ခြိမ်းခြောက်သည်ဟု ယူဆရသော မည်သည့်မီဒီယာကိုမဆို ရာဇဝတ်မှုဥပဒေများဖြင့် အရေးယူနိုင်သည့် စွမ်းပကားကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။။[9]

[7] သတင်းသမားများကာကွယ်စောင့်ရှောက်ရေးကော်မတီ (CPJ) (၂၀၂၃)၊ "မြန်မာ့မှတ်တမ်းများ"။

[8] ဧရာဝတီ (၂၀၂၀)၊ "မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေပါ ထိမရသော ပုဒ်မများ"။

[9] စာတမ်းပြုစုရေးသားသူသည် ယခင် USDPအစိုးရမှ မီဒီယာစည်းမျဉ်းစည်းကမ်းမူဘောင်ကို ရေးဆွဲရာတွင် စစ်တပ်ထုံးစံ စစ်ရေးနည်းဗျူဟာအချို့ကို အသုံးပြုခဲ့ပုံအကြောင်း မထုတ်ဝေရသေးသော စာတမ်းတစ်စောင်ကို ရေးသားခဲ့ပြီးဖြစ်သည်။

## စည်းမျဉ်းစည်းကမ်းကူးပြောင်းမှု ရပ်တန့်ခြင်း

၂၀၁၆ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရ အာဏာရရှိပြီးနောက်၊ ယင်းအစိုးရသစ်သည် မီဒီယာစည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲရန် ရှိနှင့်ပြီးသောယခင်ကတိကဝတ်များကို စွန့်လွှတ်ပစ်ချခဲ့သည်။[10] ထိုအစား ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံပိုင် ပုံနှိပ်နှင့် ရုပ်သံလွှင့်မီဒီယာများ အပါအဝင် စစ်တပ်၏ ဝါဒဖြန့်ချိရေး ယန္တရားကြီးကို ဆက်လက်ထိန်းသိမ်းရန် ရွေးချယ်ခဲ့သည်။ ထို့အပြင် NLD သည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာဥပဒေ (၂၀၁၅) အား အကောင်အထည်ဖော်ခြင်းကို ဆိုင်းငံ့ခဲ့ပြီး၊ လိုင်စင်ချထားပေးခြင်းကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကာ ရုပ်မြင်သံကြားနှင့် ရေဒီယိုဝန်ဆောင်မှုများကို နိုင်ငံတော်က ဆက်လက်ထိန်းချုပ်ပြီး လက်ဝါးကြီးအုပ်ထားခြင်းကို တည်မြဲစေခဲ့သည်။[11]

မီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများက စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် ဆက်လက်တောင်းဆိုခဲ့သော်လည်း NLD သည် မီဒီယာအပေါ် ဆန့်ကျင်သော ၎င်းတို့သဘောထားကို တိုးမြှင့်ကျင့်သုံးလာခဲ့သည်။ NLD သည် အစိုးရအနေဖြင့် "ကျင့်ဝတ်မဲ့သော" မီဒီယာများကို ထိန်းချုပ်ရမည်ဟူသော စစ်တပ်၏အဆိုကို သံယောင်လိုက်ပြောကြားခဲ့သည်။[12] NLD ၏ လုပ်ရပ်များဖြစ်သည့် ဆင့်မပြောက် ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုဥပဒေကို ပြဋ္ဌာန်းခြင်း၊ ဆိုးရွားသော ဆိုက်ဘာမှုခင်းဥပဒေကြမ်းကို ရေးဆွဲခြင်းနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကြေညာစာတမ်းမှ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ကတိကဝတ်များကို

[10] Frontier Myanmar (၂၀၁၆)၊ "ပြည်သူကို မျက်နှာမူတဲ့ နိုင်ငံပိုင် မီဒီယာတွေ ဖြစ်လာဖို့ဆိုတာက အဓိက – ဦးဖေမြင့်"။

[11] Irrawaddy (၂၀၁၆)၊ "ပြန်ကြားရေးဝန်ကြီးအသစ် ဦးဖေမြင့်- သတင်းလွတ်လပ်ခွင့်ကို ကျွန်တော် အာမခံပါမယ်"။ Mizzima နှင့် Democratic Voice of Burma (DVB) တို့သည် ထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၅ ခုနှစ်) အရ ၎င်းတို့ကိုယ်ပိုင် ထုတ်လွှင့်ခွင့်လိုင်စင်များ မရရှိခဲ့သော်လည်း နိုင်ငံပိုင်မီဒီယာများကို လိုင်စင်ထုတ်ပေးထားသည့် ချန်နယ်များတွင် ယာယီ ထုတ်လွှင့်ခွင့် ရခဲ့သည်။

[12] RFA (၂၀၂၀)၊ "မြန်မာ အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်သူများကို တိတ်ဆိတ်စေရန် အသုံးပြုသည့် အသရေဖျက်မှုဥပဒေများ ပြုပြင်ရန် တိုက်တွန်း"; Irrawaddy (၂၀၁၈)၊ "NLD နှင့် မီဒီယာ- တစ်ချိန်က ရင်းနှီးခဲ့သော ဆက်ဆံရေး အေးစက်လာခြင်း"; East Asia Forum (၂၀၁၉)၊ "မြန်မာနိုင်ငံ၏ ပျော့ပြောင်းသော မီဒီယာဖိနှိပ်မှုများ ပိုမိုတင်းကျပ်လာခြင်း"။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

ပယ်ဖျက်ခြင်းတို့သည် စည်းမျဉ်းစည်းကမ်းပြုပြင်ပြောင်းလဲရေးအတွက် အလားအလာများကို ထိခိုက်ပျက်ဆီးစေခဲ့သည်။[13]

## အသွင်ကူးပြောင်းရေးနောက်သို့ပြန်လှည့်ခြင်း

အစဉ်အဆက်သော အစိုးရများသည် မီဒီယာစည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် စစ်တပ်သည် မီဒီယာများကို ဖိနှိပ်ရန်အတွက် မြန်မာ့ဥပဒေမူဘောင်ကို လက်နက်အဖြစ် အသုံးပြုရာတွင် အဟန့်အတားမရှိ လုပ်ဆောင်နိုင်ခဲ့သည်။ တည်ဆဲဥပဒေများတွင် ခိုင်မာသည့် လူ့အခွင့်အရေးအကာအကွယ်များ ကင်းမဲ့နေခြင်းကို အခွင့်ကောင်းယူ၍ စစ်တပ်သည် မီဒီယာလိုင်စင်များကို ရုပ်သိမ်းခဲ့ပြီး၊ သတင်းသမားများကို မတရားဖမ်းဆီးထိန်းသိမ်းခဲ့ကာ၊ ရုပ်မြင်သံကြားလိုင်းများကိုလည်း ပိတ်ပစ်ခဲ့သည်။ တဆက်တည်းမှာပင် စစ်တပ်သည် ပိုမိုပြင်းထန်ပြီး အချိုးအစားအလွန်မမျှတသော ပြစ်ဒဏ်များကို ချမှတ်ရန် "ဥပဒေပြင်ဆင်ချက်များ" ကို အကောင်အထည်ဖော်ခဲ့ပြီး အမှုဆောင် "အမိန့်များ" ကို ထုတ်ပြန်ခဲ့ကာ မီဒီယာလွတ်လပ်ခွင့်ကို ပိုမိုကန့်သတ်ခဲ့သည်။[14]

---

[13] ဆင့်မပြောက်ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုဥပဒေမှာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ (၂၀၁၇ ခုနှစ်) ဖြစ်သည်။ နိုင်ငံတကာစံနှုန်းများသည် ပြစ်မှုဆိုင်ရာအသရေဖျက်မှုဥပဒေများကို အချိုးအစားမမျှတဟု မှတ်ယူကာ တရားမမှုဆိုင်ရာ အသရေဖျက်မှုဥပဒေများကိုသာ ထောက်ခံသည်။ ဆိုက်ဘာဥပဒေကြမ်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက- ICNL (၂၀၂၁)၊ "မြန်မာ- ဆိုက်ဘာလုံခြုံရေးဥပဒေမူကြမ်းနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် နောက်ထပ် ခြိမ်းခြောက်မှုများ" ကို ကြည့်ပါ။ ရွေးကောက်ပွဲကတိကဝတ်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက- Free Expression Myanmar (၂၀၂၀)၊ "၂၀၂၀ ခုနှစ် နိုင်ငံရေးပါတီများ၏ ကတိကဝတ်များကို နှိုင်းယှဉ်လေ့လာချက် ဝက်(ဘ်)စာမျက်နှာ" ကို ကြည့်ပါ။

[14] "အမိန့်များ" နှင့် "ပြင်ဆင်ချက်များ" ကို မျက်တောင်အဖွင့်အပိတ်အမှတ်အသားများဖြင့် ဖော်ပြရခြင်းမှာ စစ်တပ်၏ အရေးပေါ်အခြေအနေကြေညာချက်သည် စစ်တပ်၏ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အောက်တွင်သာမက နိုင်ငံတကာဥပဒေ၏ တင်းကြပ်သော လိုအပ်ချက်များအောက်တွင်ပါ တရားမဝင်သောကြောင့် ၎င်းတို့၏ ဥပဒေပြင်ဆင်ချက်နှင့် အမိန့်များသည် ဥပဒေအရ တရားမဝင်သောကြောင့်ဖြစ်သည်။ ပိုမိုသိရှိလိုပါက- ICNL (၂၀၂၁)၊ "တရားမဝင် အမိန့်များ- မြန်မာ့တပ်မတော်၏ အမိန့်ညွှန်ကြားချက်ဖြင့် အုပ်ချုပ်ခြင်း" ကို ကြည့်ပါ။ စစ်တပ်သည် ဆန္ဒပြရန်စီစဉ်ခြင်းကို ထိန်းချုပ်ရန်၊ ထိလွယ်ရှလွယ်အချိန်များတွင် မီဒီယာသတင်းတင်ပြမှုများကို တိတ်ဆိတ်စေရန်၊ အင်တာနက်အသုံးပြုခွင့်ကို ပိတ်ချရန်နှင့် ဆက်သွယ်မှုများအား စောင့်ကြည့်ကာ ကြားဖြတ်နားထောင်ထောက်လှမ်းမှုများကို ပစ်မှတ်ထားပြုလုပ်ရန်အတွက် လျှို့ဝှက် "ညွှန်ကြားချက်များ" ကိုလည်း ထုတ်ပြန်ခဲ့သည်။ ပိုမိုသိရှိလိုပါက- Freedom House (၂၀၂၃)၊ "မြန်မာ" ကို ကြည့်ပါ။ စစ်တပ်၏ အမိန့်အများအပြားသည် စစ်အုပ်ချုပ်ရေးအောက်တွင်ရှိသော မြို့နယ်များတွင် မီဒီယာဥပဒေများအပါအဝင် သီးခြားဥပဒေများအပေါ် စီရင်ပိုင်ခွင့်ရှိသည့် စစ်ခုံရုံးစနစ်သစ်ကို ထူထောင်ခဲ့သည်။ ပိုမိုသိရှိလိုပါက- Free Expression Myanmar (၂၀၂၃)၊ "မြန်မာစစ်တပ်၏ 'တရားစီရင်ရေး' ယန္တရား" ကို ကြည့်ပါ။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

# ၄။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ရေးဆွဲခြင်း

အာဏာသိမ်းပြီးနောက် တော်လှန်ရေးလှုပ်ရှားမှုသည် မြန်မာ့နိုင်ငံရေးလမ်းကြောင်းတွင် သိသာထင်ရှားသော အချိုးအကွေ့တစ်ခုကို ဖော်ဆောင်ခဲ့သည်။ တော်လှန်ရေးက စစ်တပ်၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး၊ ၎င်းအစား ၂၀၂၁ ခုနှစ် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ယာယီအစားထိုးခဲ့သည်။ ဤအရွေ့သည် နိုင်ငံတကာစံနှုန်းများနှင့်အညီ မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ရန်အတွက် အရေးပါသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ဆွေးနွေးမှုများအတွက် လမ်းခင်းပေးခဲ့သည်။[15] ဤအခန်းတွင် ထိုသို့သော ပြုပြင်ပြောင်းလဲရေးအတွက် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့် အချက်များကို လေ့လာတင်ပြထားပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စံနှုန်းများ16

နိုင်ငံတကာစံနှုန်းများအရ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထိရောက်သော မီဒီယာစည်းမျဉ်းစည်းကမ်းများအတွက် အုတ်မြစ်ဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျယ်ပြန့်စွာအပြည့်အဝအာမခံရပါမည်။[17] လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွင် မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် (ပြည်တွင်းဥပဒေအရ တရားဝင်အဖွဲ့အဖြစ်သတ်မှတ်ထားသည့်)မည်သည့်စီးပွားရေးလုပ်ငန်း မည့်သည့် အဖွဲ့အစည်းမဆို၊

[15] Irrawaddy (၂၀၂၁)၊ "ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် နှင့် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးကို မြန်မာ့အတိုက်အခံအစိုးရ ကတိပြု"။

[16] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို ပိုမိုပြည့်စုံပြီး အခိုင်အမာ စုစည်းထားသည်ကို ကြည့်လိုပါက၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (၂၀၁၁)၊ "အထွေထွေမှတ်ချက်အမှတ် ၃၄" တွင် ရှုပါ။ ကုလသမဂ္ဂသည် အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ပတ်သတ်ပြီး ယင်းကဲ့သို့သော အထွေထွေမှတ်ချက်ကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း သက်ဆိုင်ရာစံနှုန်းများ၏ အကျဉ်းချုပ်အတွက် ICNL (၂၀၂၃)၊ "ICC-PR ပုဒ်မ ၂၂ ပါ သက်ဆိုင်ရာ ဥပဒေရင်းမြစ်များ- လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်" တွင် ရှုပါ။

[17] နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (၁၉၆၆ ခုနှစ်)၊ ပုဒ်မ ၁၉။

ခွဲခြားဆက်ဆံခံရခြင်းမရှိဘဲ၊ နယ်နိမိတ်များကို ကျော်လွန်ကာ၊ မည်သည့်မီဒီယာကိုမဆို အသုံးပြု၍၊ မည်သည့်သတင်းအချက်အလက်နှင့် အယူအဆမျိုးကိုမဆို ရှာဖွေခွင့်၊ လက်ခံရယူခွင့်၊ ပေးပို့ဖြန့်ဝေပိုင်ခွင့်ရှိကြောင်း စသည့် ဥပဒေကြောင်းဆိုင်ရာအဓိကအင်္ဂါရပ်များ ပါဝင်သည်။ အခြေခံအားဖြင့် ၎င်းဥပဒေကြောင်းဆိုင်ရာအဓိကအင်္ဂါရပ်များသည် စုံစမ်းဖော်ထုတ်ရန်၊ သတင်းရင်းမြစ်များထံမှ သတင်းရယူရန်၊ သတင်းအချက်အလက်နှင့် အယူအဆများအား အများပြည်သူသို့ ထုတ်ဝေဖြန့်ချိရန် စသော သတင်းသမားများနှင့် မီဒီယာများ၏အခွင့်အရေးကို ကာကွယ်ပေးသည်။ ထိုကဲ့သို့ ထုတ်ဝေဖြန့်ချိသည့် သတင်းအချက်အလက်များတွင် ဝေဖန်အပြင်းပွားဖွယ်ရာများ သို့မဟုတ် ထိတ်လန့်ဖွယ်ရာများ ပါဝင်နိုင်ပြီး အွန်လိုင်းမှဖြစ်စေ၊ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ရုပ်သံထုတ်လွှင့်ခြင်းအပါအဝင် မီဒီယာအမျိုးမျိုးမှဖြစ်စေ ထုတ်ဝေဖော်ပြနိုင်သည်။

ထို့ပြင် လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့်တွင် ခွင့်ပြုနိုင်သော ကန့်သတ်ချက်များအတွက် "အဆင့်သုံးဆင့်ပါ ဆန်းစစ်ချက်" ကိုလည်း ဖော်ပြထားသည်။ ယင်းဆန်းစစ်ချက်အရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သည့် ကန့်သတ်ချက်များသည် အခြားသူများ၏ အခွင့်အရေးများ (ဥပမာ- ခြိမ်းခြောက်မှုများ)၊ အခြားသူများ၏ ဂုဏ်သတင်းများ (ဥပမာ- ဂုဏ်သိက္ခာညှိုးနွမ်းစေမှု)၊ နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူတည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ပြည်သူ့ကျင့်ဝတ်သိက္ခာ စသည်တို့ကို ကာကွယ်ရန် ပြည့်စုံလုံလောက်သော အခြေခံအကျိုးအကြောင်းများဖြင့် သက်သေပြနိုင်မှသာ တရားဝင်မည်ဖြစ်သည်။ တရားဝင်သည့် ကန့်သတ်ချက်များပင် ဖြစ်လင့်ကစား ၎င်းကန့်သတ်ချက်တို့ကို ဥပဒေဖြင့် ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားရမည်၊ ကန့်သတ်ဖို့ အမှန်တကယ်လိုအပ်သည့် အခြေအနေဖြစ်ရမည်၊ ကန့်သတ်ချက်အချိုးအစားလည်း မျှတရမည် ဖြစ်သည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မီဒီယာလွတ်လပ်ခွင့်ကို အထောက်အကူပြုသည့် အခြားသော လူ့အခွင့်အရေးများကိုလည်း အာမခံရပါမည်။ ဥပမာအားဖြင့် မမျှတသော

ကန့်သတ်ချုပ်ချယ်မှုများကို ကာကွယ်ရန်အတွက် အလားတူ အဆင့်သုံးဆင့်ပါ ဆန်းစစ်ချက်ကို ထည့်သွင်းထားသည့် ပြည့်စုံသော အသင်းအဖွဲ့ဖွဲ့စည်းခွင့် အခွင့်အရေးမျိုး ဖြစ်သည်။[18]

## မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ

စစ်တပ်၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် "စည်းကမ်းပြည့်ဝသော" ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြင်း၏ အစကို မမျှော်လင့်ဘဲ အလျင်အမြန်ဖြစ်ထွန်းစေခဲ့ပြီး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထုတ်ဝေခွင့်၊ စာပေနှင့် အနုပညာဖွံ့ဖြိုးတိုးတက်စေခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ အာမခံချက်များစွာကို ထည့်သွင်းထားသည်။[19] သို့သော်လည်း ၎င်း၏ အကန့်အသတ်ရှိသော အာမခံချက်များသည် ဆင်ဆာဖြတ်တောက်မှုကို တားမြစ်နိုင်ခြင်းမရှိ၊ မီဒီယာလွတ်လပ်ခွင့်ကိုလည်း ကာကွယ်မပေးခဲ့သည့်အပြင်၊ သတင်းအချက်အလက်ရရှိခွင့်ကိုလည်း ထောက်ခံပံ့ပိုးပေးထားခြင်း မရှိခဲ့ပါ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်တို့နှင့် ပတ်သတ်ပြီး တိကျမှုမရှိ ဝေဝါးနေသော အာမခံချက်တွင် အထက်ဖော်ပြပါ အဆင့်သုံးဆင့်ပါ ဆန်းစစ်ချက် အပါအဝင် ဥပဒေကြောင်းဆိုင်ရာအဓိကအင်္ဂါရပ်အများစုကို ထည့်သွင်းခဲ့ခြင်း မရှိခဲ့ပါ။ ထို့အပြင် မည်သည့်တည်ဆဲဥပဒေနှင့်မဆို ဆန့်ကျင်ပါက၊ "စည်းလုံးညီညွတ်မှု" သို့မဟုတ် "တည်ငြိမ်အေးချမ်းရေး" ကဲ့သို့သော တိကျမှုမရှိသည့် အယူအဆများကို ခြိမ်းခြောက်ပါက အဆိုပါအခွင့်အရေးများအား ကန့်သတ်နိုင်ခွင့်ကို အခြေခံဥပဒေက ပေးခဲ့သည်။

၂၀၁၁ ခုနှစ် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်သည် နိုင်ငံရေးဆိုင်ရာမှတ်တမ်းတစ်ခုအဖြစ် ရေးဆွဲထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအင်္ဂါရပ်များ ပါဝင်ပြီး၊ စစ်တပ်၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အစားထိုးကာ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံအုတ်မြစ်

[18] နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (၁၉၆၆ ခုနှစ်)၊ ပုဒ်မ ၂၂။ ပုဒ်မ ၂၂ တွင် 'လွတ်လပ်သောအသင်းအဖွဲ့အခွင့်အရေးနှင့် ဖွဲ့စည်းပိုင်ခွင့်အား ကာကွယ်ရေး သဘောတူစာချုပ်' (၁၉၄၈ ခုနှစ်) ကိုလည်း တိုက်ရိုက်ရည်ညွှန်းထားပြီး၊ ယင်းတွင် အဆိုပါအခွင့်အရေး၏ အသေးစိတ်အချက်အလက်များကို ဖော်ပြထားသည်။ အခြားသော ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (၂၀၁၈)၊ "လူ့အခွင့်အရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း" တွင် ရှုပါ။
[19] ပုဒ်မ ၃၅၄(က)၊ ၃၆၅ နှင့် ၃၅၄(ဂ)။

ဖြစ်လာနိုင်သည်။[20] ၎င်း၏ လူ့အခွင့်အရေးဆိုင်ရာ အခန်းတွင် စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသား၊ အလုပ်သမားနှင့် ကလေးသူငယ်အခွင့်အရေး ၃၈ ခု ပါဝင်ပြီး၊ ၎င်းကို ရေးဆွဲရာတွင် ပါဝင်ခဲ့သူတို့၏ အကျိုးစီးပွားများကို ထင်ဟပ်စေသည်။[21] သို့သော် ၎င်းသည် မီဒီယာလွတ်လပ်ခွင့်အတွက် မရှင်းလင်းသော ကတိကဝတ်တစ်ခုမှအပ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် သို့မဟုတ် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ကိုမူ အာမခံမထားပါ။[22] ထို့အပြင် လူပုဂ္ဂိုလ်တဦး၏ လွတ်လပ်မှုနှင့် လုံခြုံမှု၊ မျှတသော တရားစီရင်စစ်ဆေးခံပိုင်ခွင့်၊ လွတ်လပ်စွာသွားလာခွင့်၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် (privacy)၊ လွတ်လပ်စွာစုဝေးခွင့်၊ အများပြည်သူဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ခွင့်၊ အသက်ရှင်သန်ခွင့်နှင့် နှိပ်စက်ညှဉ်းပန်းမှုမှ ကင်းလွတ်ခွင့်တို့အပါအဝင် မီဒီယာစည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်သော အခြားလူ့အခွင့်အရေးများကိုလည်း ချန်လှပ်ထားခဲ့သည်။

[20] ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် (၂၀၂၁)၊ အပိုင်း ၁ ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီက ၂၀၂၁ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့ပြီး၊ အသွင်ကူးပြောင်းရေး ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် နိဒါန်းအဖြစ် ပုံဖော်ခဲ့သည်။ သို့သော် ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် (၂၀၂၁) တွင် နိုင်ငံတော်၏ တန်ဖိုးများ၊ လမ်းညွှန်မှုများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို စာရင်းပြုစုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆင်တူသော စာသားများ ပါဝင်ပြီး၊ ကော်မတီက စစ်တပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို "ဖျက်သိမ်း" ခဲ့သည့်နေ့တွင်ပင် ထုတ်ပြန်ခဲ့ရာ၊ ယင်းမှ ဖြစ်ပေါ်လာသော ကွက်လပ်ကို ဖြည့်ဆည်းပေးခဲ့သည်ဟု ယူဆရသည်။ ပိုမိုသိရှိလိုပါက- International IDEA (၂၀၂၂)၊ "<u>မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် - ဆန်းစစ်လေ့လာချက်နှင့် အလားအလာများ</u>" တွင် ရှုပါ။ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ် (၂၀၂၁)၊ အပိုင်း ၁ ၏ ပြင်ဆင်ထားသောမူကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက အပိုင်း ၂ နှင့်အတူ ၂၀၂၂ ခုနှစ်တွင် အတည်ပြုခဲ့သည်။ နောက်ထပ် အပိုင်းများကို ထုတ်ပြန်ခြင်း သို့မဟုတ် အတည်ပြုခြင်း မရှိသေးပါ။ ပိုမိုသိရှိလိုပါက- အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (၂၀၂၂)၊ "<u>ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်</u>" တွင် ရှုပါ။

[21] အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတွင် အရပ်ဘက်အဖွဲ့အစည်းများမှ အဖွဲ့ဝင် ၁၆ ဦး ပါဝင်သည်။ ၎င်းတို့အနက် ခုနစ်ဦးမှာ သပိတ်ဦးဆောင်စီစဉ်သူများ၊ သုံးဦးမှာ အလုပ်သမားသမဂ္ဂများမှ၊ သုံးဦးမှာ အမျိုးသမီးအခွင့်အရေးအဖွဲ့များမှ၊ တစ်ဦးမှာ လူမှုပေါင်းစည်းရေးအဖွဲ့မှ ဖြစ်ပြီး တစ်ဦးမှာ နိုင်ငံရေးလှုပ်ရှားသူများအဖွဲ့ကို ကိုယ်စားပြုသည်။ ကောင်စီတွင် တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုသော အဖွဲ့ဝင် ရှစ်ဦးလည်း ပါဝင်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ လူ့အခွင့်အရေးဝန်ကြီးလည်း ပါဝင်ခဲ့နိုင်ပြီး၊ ၎င်းမှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အထူးကျွမ်းကျင်သူတစ်ဦး ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများမှ ပါဝင်သည့် ကောင်စီဝင်များအနက် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို အထူးအာရုံစိုက်ရန် သီးခြားတာဝန်ပေးအပ်ထားသူ တစ်ဦးတစ်ယောက်မျှ မရှိပေ။

[22] ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (၂၀၂၁) ၏ ပုဒ်မ ၄၂ တွင် အထက်ဖော်ပြပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ဥပဒေအင်္ဂါရပ် ၂ ရပ် ပါဝင်ပြီး၊ ၎င်းတို့ကို လူတိုင်းအတွက် အာမခံထားခြင်းမရှိဘဲ မီဒီယာအတွက်သာ အာမခံထားသည်။

### *ပြုပြင်ပြောင်းလဲရေး ရွေးချယ်စရာများ*

*ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်သည် ဒီမိုကရေစီလုပ်ရှားမှု၏ ရည်မှန်းချက်များကို ထင်ဟပ်စေရမည်ဖြစ်ပြီး၊ မီဒီယာလွတ်လပ်ခွင့်၏ အခြေခံအုတ်မြစ်များဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်အပါအဝင် အခြေခံလူ့အခွင့်အရေးအားလုံးကို ကျယ်ပြန့်ပြည့်စုံစွာ အာမခံရပါမည်။ ထို့အပြင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေပါ အာမခံချက်များတွင် အထက်ဖော်ပြပါ ဥပဒေကြောင်းဆိုင်ရာအဓိကအင်္ဂါရပ်များအားလုံးကို ထည့်သွင်းရေးဆွဲရမည်ဖြစ်ပြီး၊ လက်ရှိတည်ဆဲနှင့် အစားထိုးဥပဒေများအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေက ကျော်လွန်အာဏာတည်ကာ ပယ်ဖျက်စေရပါမည်။*

အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (၁၉၆၆ ခုနှစ်)မှ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၂ ပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့်ဆိုင်ရာ မူရင်းပြဋ္ဌာန်းချက်အတိုင်း (မြန်မာဘာသာသို့ ပြန်ဆိုရုံမှလွဲ၍ ပြုပြင်ဖြည့်စွက်ခြင်းမရှိဘဲ) ထည့်သွင်းကျင့်သုံးခြင်းသည် ဒီမိုကရေစီ၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအပေါ် ခိုင်မာသော ကတိကဝတ်ကို ပြသရာရောက်မည်ဖြစ်ပြီး၊ ယခင်အစိုးရများ၏ တစိတ်တပိုင်း ပြုပြင်ပြောင်းလဲမှုများမှ စစ်မှန်သော ပြောင်းလဲမှုဆီသို့ ရွေ့လျားခြင်းကို ညွှန်ပြပေလိမ့်မည်။[23] ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၂ တို့သည် မြန်မာနိုင်ငံ၏ သီးခြားအခြေအနေအတွက် လုံလောက်စွာ လိုက်လျောညီထွေရှိပြီး၊ ၎င်းတို့ကို ကျင့်သုံးခြင်းဖြင့် ဆယ်စုနှစ်များစွာကြာ ဖိနှိပ်ချုပ်ချယ်ခံခဲ့ရသော ပြည်တွင်းတရားစီရင်မှုများကို ကျော်လွန်၍ အနာဂတ်စီရင်ချက်များတွင် ယုံကြည်စိတ်ချရသော နိုင်ငံတကာစံနှုန်းများကို ကိုးကားနိုင်ရန် မြန်မာ့တရားရုံးများကို အားဖြည့်ပေးလိမ့်မည်။[24]

တနည်းအားဖြင့် မြန်မာနိုင်ငံအတွက် သီးခြားကိုက်ညီသော ဥပဒေပြဋ္ဌာန်းချက်တစ်ခုကို ရေးဆွဲခြင်းသည် မိမိတို့အခြေအနေနှင့် ကိုက်ညီသည့် ချဉ်းကပ်မှုကို ပေးစွမ်းနိုင်သော်လည်း၊

[23] ပုဒ်မ ၁၉ သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အာမခံသည်။ ပုဒ်မ ၂၂ သည် အသင်းအဖွဲ့ဖွဲ့စည်းခွင့် လွတ်လပ်မှုကို အာမခံသည်။

[24] ပြည်တွင်းဥပဒေများကို ချမှတ်ရာတွင် တူညီသော စကားလုံးအသုံးနှုန်းကို အသုံးပြုခြင်းသည် <u>နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (၁၉၆၆ ခုနှစ်)</u> ကို အတည်ပြုပြီးသည်နှင့် အစိုးရအနေဖြင့် လိုက်လျောညီထွေဖြစ်စေရန် ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အထက်ဖော်ပြပါ ဥပဒေကြောင်းဆိုင်ရာအဓိကအင်္ဂါရပ်များအနက် တစ်ခုခုကို အလေးမထားဘဲ ချန်လှပ်ထားသည့် ပြဋ္ဌာန်းချက်အသစ် ဖြစ်လာနိုင်သည်။ ထို့ကြောင့် အနာဂတ်တွင် ပြဿနာများ ပေါ်ပေါက်စေကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန် လိုအပ်လာမည့် အန္တရာယ်လည်း ရှိသည်။ ထို့အပြင် ထိုကဲ့သို့ ပြဋ္ဌာန်းချက်အသစ် ရေးဆွဲအတည်ပြုရန် ပြုလုပ်ရမည့် ကာလကြာရှည်စွာ ဆွေးနွေးမှုများသည် အကျိုးစီးပွားပတ်သက်သူ အုပ်စုများအကြား အငြင်းပွားမှုများကို ဖြစ်ပေါ်စေနိုင်ကာ၊ မကျေနပ်မှုများ မြင့်တက်လာခြင်း၊ လူထု၏ ယုံကြည်မှု ကင်းမဲ့လာခြင်းနှင့် အလုံးစုံသော ဒီမိုကရေစီရည်မှန်းချက်များကို ထိခိုက်စေခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။[25]

မူကြမ်းရေးဆွဲသူများသည် ခေတ်ပြိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အများအားဖြင့်တွေ့ရသော အောက်ပါလူ့အခွင့်အရေးများကိုပါ ထည့်သွင်းပြဋ္ဌာန်းရန် စဉ်းစားသင့်သည် -

- **မီဒီယာလွတ်လပ်ခွင့်။** ။ ဤပြဋ္ဌာန်းချက်တွင် ဆင်ဆာဖြတ်တောက်မှုကို ထည့်သွင်း တားမြစ်နိုင်သည်။ အနာဂတ်အစိုးရများက မီဒီယာကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဝင်ရောက်စွက်ဖက်နိုင်ခြေရှိသည့်အတွက် တိကျရှင်းလင်းသည့် မီဒီယာလွတ်လပ်ခွင့်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်အတူ ယှဉ်တွဲပြဋ္ဌာန်းထားခြင်းက အပိုဆောင်းကာကွယ်မှုတစ်ရပ်ကို ပေးစွမ်းနိုင်သည်။

- **သတင်းအချက်အလက်ရရှိပိုင်ခွင့်။** ။သတင်းအချက်အလက်ရရှိခွင့်ဆိုင်ရာ ဥပဒေများသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို မြှင့်တင်ပေးသည်။ ၎င်းတို့သည် အဂတိလိုက်စားမှုကို ဖြေရှင်းရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ရန်အတွက် အရေးပါလှသည်။ ဤအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းခြင်းသည် ပွင့်လင်းမြင်သာမှုကို နိုင်ငံတော်အဆင့် အရေးကြီးသော လိုအပ်ချက်အဖြစ် ဦးစားပေးသတ်မှတ်ခြင်းဖြစ်ပြီး၊ အနာဂတ်အစိုးရများက ပွင့်လင်းမြင်သာမှုမရှိခြင်းကို တိုးမြှင့်ကျင့်သုံးလာနိုင်ချေမှ ကာကွယ်ပေးသည်။

[25] ဥပမာအားဖြင့် နီပေါနိုင်ငံနှင့် ၎င်း၏ ၁၉၉၀ နှင့် ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အတွေ့အကြုံကို ကြည့်ပါ။

- **အင်တာနက်လက်လှမ်းမီအသုံးပြုခွင့်။** ။ဖွံ့ဖြိုးတိုးတက်ရေးတွင် အင်တာနက်၏ အရေးပါမှု ကြီးမားလာသည်နှင့်အမျှ၊ အင်တာနက်လက်လှမ်းမီအသုံးပြုခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံအခွင့်အရေးတစ်ခုအဖြစ် အသိအမှတ်ပြုခြင်းသည် နိုင်ငံ၏ အမြော်အမြင်ရှိသည့် ရည်မှန်းချက်ကို သိသာထင်ရှားစေပြီး၊ ခွဲခြားဆက်ဆံဖယ်ကျဉ်ခံထားရသောအသိုင်းအဝိုင်းများ နောက်ကျကျန်ရစ်ခဲ့ခြင်းမရှိစေရန် အာမခံသည်။

# ၅။ မြန်မာ့မီဒီယာဥပဒေများကို ကိုင်တွယ်ဖြေရှင်းခြင်း

ခေတ်မီပြီး ရေရှည်တည်တံ့သော ဒီမိုကရေစီအတွက် ခိုင်မာသည့် အုတ်မြစ်ချလိုသည့် မြန်မာအစိုးရသစ်အနေဖြင့် နိုင်ငံ၏ မီဒီယာဥပဒေသုံးရပ်ကို ပြုပြင်ပြောင်းလဲကာ အနာဂတ်အတွက် သင့်လျော်သော ဥပဒေမူဘောင်တစ်ခုကို ရေးဆွဲရန် လိုအပ်မည်ဖြစ်သည်။ ဤအခန်းတွင် သက်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများ၊ လက်ရှိတည်ဆဲစည်းမျဉ်းစည်းကမ်းများကို အကဲဖြတ်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ရွေးချယ်စရာများကို တင်ပြထားသည်။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

## စည်းမျဉ်းစည်းကမ်းစံနှုန်းများ[26]

နိုင်ငံတကာစံနှုန်းများအရ အစိုးရများသည် ပုံနှိပ်မီဒီယာ၊ အွန်လိုင်းမီဒီယာ သို့မဟုတ် သတင်းသမားများကို ထိန်းချုပ်သည့် အထူးဥပဒေများ ပြဋ္ဌာန်းခြင်းမှ ရှောင်ကြဉ်ရပါမည်။ ထိုဥပဒေများကို ဆင်ဆာဖြတ်တောက်ရန် မကြာခဏ အလွဲသုံးစားပြုတတ်သောကြောင့် ဖြစ်သည်။ မည်သည့်မီဒီယာကိုမျှ မီဒီယာနှင့်သက်ဆိုင်သော လိုင်စင်တစ်မျိုးမျိုး ရယူရန် အတင်းအကျပ် ခိုင်းစေခြင်း မပြုရပါ။

အစိုးရများသည် ပုံနှိပ်မီဒီယာ၊ အွန်လိုင်းမီဒီယာနှင့် သတင်းသမားများကို ယာယီ သို့မဟုတ် အပြီးအပိုင် ပိတ်ပင်ခြင်း၊ လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ သို့မဟုတ် အွန်လိုင်းမှ ပိတ်ဆို့ခြင်းများ မပြုလုပ်ရပါ။ ထိုသို့ပြုလုပ်ခြင်းသည် မီဒီယာလိုင်စင်စနစ်တစ်ခုကို လက်တွေ့တွင် ဖြစ်ပေါ်စေသောကြောင့် ဖြစ်သည်။ ထို့အပြင် အကြောင်းအရာထိန်းချုပ်မှုဆိုင်ရာ မီဒီယာနှင့်သက်ဆိုင်သော ဥပဒေများသည် လက်ခံနိုင်ဖွယ်မရှိပါ။ သို့သော် မီဒီယာများကို စီးပွားရေး၊ အလုပ်သမား သို့မဟုတ် အခွန်စည်းမျဉ်းများကဲ့သို့သော အထွေထွေအကျုံးဝင်သည့် ဥပဒေများအပြင်၊ မည်သည့်လုပ်ငန်း မည်သည့်ပုဂ္ဂိုလ်ကိုမဆို အကျုံးဝင်သော အထွေထွေရာဇဝတ်မှုဥပဒေများဖြင့်လည်း ထိန်းချုပ်နိုင်သည်။

နိုင်ငံတကာစံနှုန်းများသည် မီဒီယာစံချိန်စံညွှန်းများ မြှင့်တင်ရန်နှင့် ပရော်ဖက်ရှင်နယ်မဆန်၊ မမှန်ကန်သည့် သတင်းဖော်ပြမှုကဲ့သို့ ရေးသားဖော်ပြချက်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် စာနယ်ဇင်းကောင်စီကဲ့သို့ လွတ်လပ်သည့် ကိုယ်ပိုင်ထိန်းကျောင်းမှုယန္တရားကို ထူထောင်ရန် ထောက်ခံအားပေးသည်။ စာနယ်ဇင်းကောင်စီများသည် မီဒီယာ၏ ရေးသားဖော်ပြမှုပြဿနာနှင့်ပတ်သတ်၍ လူထုစိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးသော်လည်း၊ ပိုမိုပြင်းထန်သည့် ကျူးလွန်မှုများအတွက် အထွေထွေသော တရားမနှင့်

[26] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို ပိုမိုပြည့်စုံပြီး အခိုင်အမာ စုစည်းထားသည်ကို ကြည့်လိုပါက၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (၂၀၁၁)၊ "အထွေထွေမှတ်ချက်အမှတ် ၃၄" တွင် ရှုပါ။ ကုလသမဂ္ဂသည် အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ပတ်သတ်ပြီး ယင်းကဲ့သို့သော အထွေထွေမှတ်ချက်ကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း သက်ဆိုင်ရာစံနှုန်းများ၏ အကျဉ်းချုပ်အတွက် ICNL (၂၀၂၃)၊ "ICC-PR ပုဒ်မ ၂၂ ပါ သက်ဆိုင်ရာ ဥပဒေရင်းမြစ်များ- လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်" တွင် ရှုပါ။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

ရာဇဝတ်မှုဥပဒေများအောက်ရှိ လုပ်ငန်း သို့မဟုတ် လူတစ်ဦးချင်းစီ၏ ဥပဒေအရတာဝန်ရှိမှုကိုမူ မပယ်ဖျက်နိုင်ပါ။[27]

ရုပ်မြင်သံကြားနှင့် ရေဒီယိုလိုင်းများ၏ အရေအတွက်မှာ အကန့်အသတ်ရှိသောကြောင့် "အထူးဥပဒေမရှိရ" စည်းမျဉ်းသည် ရုပ်သံမီဒီယာဥပဒေအတွက် ချွင်းချက်ဖြစ်သည်။ ထိုအကန့်အသတ်ရှိသော ရုပ်သံလိုင်းများကို ကျွမ်းကျင်သော၊ လွတ်လပ်သော၊ ဘက်မလိုက်သော၊ မတူကွဲပြားသည့် လူ့အဖွဲ့အစည်းကို ကိုယ်စားပြုသော မီဒီယာများအားပေးရန် ရုပ်သံထုတ်လွှင့်မှုကောင်စီကဲ့သို့ လွတ်လပ်သည့်အဖွဲ့အစည်းတစ်ခုမှတဆင့် တရားမျှတစွာ လိုင်စင်ချထားပေးခြင်းကို သေချာစေအောင် စည်းမျဉ်းဥပဒေများရေးဆွဲရန် အစိုးရ၌ တာဝန်ရှိသည်။ ထိုစည်းမျဉ်းဥပဒေများတွင် လိုင်စင်ရရှိသူများမှ လိုင်စင်စည်းကမ်းချက်များကို ချိုးဖောက်လျှင် ရုပ်သံထုတ်လွှင့်မှုကောင်စီက မည်သည့်အချိန်တွင်၊ မည်သို့ အရေးယူဆောင်ရွက်မည်ဟူသော တရားဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်း ထည့်သွင်းရေးဆွဲသင့်သည်။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများသည် အမျိုးအစားစုံလင်လှသော မီဒီယာနယ်ပယ်တခု၌ စီးပွားဖြစ်မီဒီယာနှင့် ရပ်ရွာအခြေပြုမီဒီယာများအပြင် အများပြည်သူဝန်ဆောင်မှုမီဒီယာကိုလည်း ဖွဲ့စည်းတည်ထောင်ပေးနိုင်သည်။

အစိုးရများသည် မီဒီယာလွတ်လပ်ခွင့်အတွက် အထောက်အကူပြုသော ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်ရန် မီဒီယာအခွင့်အရေးကို ကာကွယ်ပေးသည့် စည်းမျဉ်းဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်သည်။ ၎င်းတို့တွင် သတင်းထောက်များ၏ သတင်းရင်းမြစ်များနှင့် လျှို့ဝှက်သတင်းဖော်ထုတ်သူများ (whistleblowers)ကို ကာကွယ်ပေးသည့် ဥပဒေများ ပါဝင်ပြီး၊ ရဲတပ်ဖွဲ့၏ ရှာဖွေမှုများနှင့် သိမ်းဆည်းမှုများမှ ပိုမိုခိုင်မာသော အကာအကွယ်များလည်း ထည့်သွင်းပါရှိရမည်။

[27] ဥပမာအားဖြင့် လိမ်လည်မှု သို့မဟုတ် အကြမ်းဖက်ရန် လှုံ့ဆော်ခြင်း။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

## မြန်မာ့မီဒီယာဥပဒေသုံးရပ်

စစ်တပ်ကျောထောက်နောက်ခံပြုထားသည့် USDP အစိုးရက ပြဋ္ဌာန်းခဲ့သော သတင်းမီဒီယာဥပဒေ (၂၀၁၄) ကို အစပိုင်းတွင် မီဒီယာလွတ်လပ်ခွင့်ကို မြှင့်တင်ပေးမည့် ခြေလှမ်းအဖြစ် အများက ရှုမြင်ခဲ့ကြသည်။ ကနဦးအမြင်အရ ဤဥပဒေသည် မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ရန်၊ ဆင်ဆာဖြတ်တောက်မှုကို တားမြစ်ရန်နှင့် မီဒီယာအခွင့်အရေးအချို့ကို ဖော်ပြရန် ရည်ရွယ်သည့် လူ့အခွင့်အရေးအခြေပြုချဉ်းကပ်မှုဟု ထင်ရစေသည်။[28] သို့သော် နှံ့စပ်စွာ စစ်ဆေးကြည့်သောအခါ ဤဥပဒေတွင် သိသာထင်ရှားသည့် မပြည့်စုံမှုများ ရှိနေသည်ကို တွေ့ရှိရသည်။ ဥပဒေတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ အထက်ဖော်ပြပါ ဥပဒေကြောင်းဆိုင်ရာအဓိကအင်္ဂါရပ်များအတွက် ထိရောက်သော အကာအကွယ် ကင်းမဲ့နေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာမခံချက် အားနည်းနေမှုကြောင့် ယင်းအကာကွယ်က အရေးပါလှသည်။ ထို့အပြင် ဥပဒေတွင် အခြေခံသတင်းသမား အခွင့်အရေးများအားလုံးကိုလည်း ထည့်သွင်းထားခြင်း မရှိပေ။[29] ပေးအပ်ထားသော အခွင့်အရေးများသည် အခြေအနေအပေါ်တွင်မူတည်ပြီး သတ်မှတ်မထားသော ဥပဒေနှင့် စည်းမျဉ်းများ၏အောက်တွင် ရှိနေသည့်အတွက် အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်လာပါက မီဒီယာများအနေဖြင့် ကုစားမှုရယူရန် လမ်းစမရှိပေ။[30] ထို့အပြင် ဤဥပဒေသည် မီဒီယာရေးသားဖော်ပြချက်ဆိုင်ရာ တိကျမှုမရှိသည့် စည်းမျဉ်းများနှင့် ရာဇဝတ်မှုပြစ်ဒဏ်များကို ချမှတ်ထားပြီး၊ မီဒီယာကျင့်ဝတ်စည်းကမ်းများ ရေးဆွဲရန်နှင့် မီဒီယာကို အရေးယူဆောင်ရွက်ရန် တာဝန်ပေးထားသည့် စာနယ်ဇင်းကောင်စီကိုလည်း အစိုးရမှ ခန့်အပ်ဖွဲ့စည်းခွင့်ပြုထားသည်။[31] အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်သည် ဤဥပဒေကို ပြင်ဆင်ခြင်းမရှိသေးသော်လည်း စာနယ်ဇင်းကောင်စီ၏ အဖွဲ့ဝင်အားလုံးကို ခန့်အပ်ပြီး ထိန်းချုပ်ထားသည်။

---

[28] ရည်ရွယ်ချက်များ (ပုဒ်မ ၃)၊ ဆင်ဆာဖြတ်တောက်မှု တားမြစ်ခြင်း (ပုဒ်မ ၅)၊ နှင့် မီဒီယာအခွင့်အရေးများ (ပုဒ်မ ၄-၇) ပါဝင်ပြီး ယင်းတို့တွင် အစိုးရကို ဝေဖန်ပိုင်ခွင့်၊ မတူကွဲပြားသော ရင်းမြစ်များမှ သတင်းအချက်အလက် ရယူပိုင်ခွင့်၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ခွင့်နှင့် တွေ့ရှိချက်များကို ထုတ်ပြန်ခွင့်၊ မတရားဖမ်းဆီးထိန်းသိမ်းခြင်း၊ ဆက်သွယ်မှုများအား ကြားဖြတ်နားထောင်ခံရခြင်း သို့မဟုတ် သတင်းသမားပစ္စည်းများ သိမ်းဆည်းခံရခြင်းမှ ကာကွယ်ခြင်းတို့ ပါဝင်သည်။

[29] ဥပမာအားဖြင့် ဖော်ပြပါအခွင့်အရေးများတွင် သတင်းရင်းမြစ်များအား ကာကွယ်ခြင်း မပါဝင်ပါ။

[30] ပုဒ်မ ၃ နှင့် ၄။

[31] ပုဒ်မ ၉၊ ၁၂ မှ ၂၆။

USDP အစိုးရသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄ ခုနှစ်) ကို သတင်းမီဒီယာဥပဒေ (၂၀၁၄ ခုနှစ်) နှင့်အတူ ပြဋ္ဌာန်းခဲ့သည်။[32] ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးသည်ဟု ဆိုသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာမခံချက် အားနည်းနေမှုကြောင့် အထက်တွင်ဖော်ပြခဲ့သည့် ဥပဒေကြောင်းဆိုင်ရာအဓိကအင်္ဂါရပ်များအားလုံးအတွက် ပြည့်စုံသော ကာကွယ်မှု ကင်းမဲ့နေကာ အခွင့်အရေးချိုးဖောက်ခံရမှုများကို ကုစားခွင့်လည်း မရှိပေ။[33] အထူးသဖြင့် ဤဥပဒေသည် ပုံနှိပ်မီဒီယာနှင့် အွန်လိုင်းမီဒီယာ နှစ်မျိုးလုံးအတွက် အစိုးရထိန်းချုပ်သော မီဒီယာလိုင်စင်စနစ် တစ်ခုကို ထူထောင်ထားသည်။ ဤစနစ်သည် "မရိုးဖြောင့်မှု" ကဲ့သို့သော ဓမ္မဓိဋ္ဌာန်မကျသည့် အကြောင်းပြချက်များဖြင့် လိုင်စင်ကို တရားမဲ့ပယ်ချခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့ လုပ်ဆောင်နိုင်ပြီး၊ အစိုးရသိမ်းဆည်းခွင့်ကို ခွင့်ပြုထားသော ဝေဝါးနေသည့် အကြောင်းအရာဆိုင်ရာ စည်းမျဉ်းပုဒ်မများကိုလည်း ထည့်သွင်းထားသည်။[34] စစ်တပ်သည် ၂၀၂၃ ခုနှစ်တွင် ဤဥပဒေကို ပြင်ဆင်ခဲ့ပြီး၊ အစိုးရက လိုင်စင်များကို ငြင်းပယ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းတို့ပြုလုပ်နိုင်ရန် ဥပဒေပြဋ္ဌာန်းချက်ပါ အကြောင်းအရင်းများကို ပိုမိုချဲ့ထွင်ခြင်းဖြင့် နဂိုရှိရင်းစွဲ ချို့ယွင်းချက်များကို ပိုမိုဆိုးရွားစေခဲ့သည်။[35]

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဥပဒေ (၂၀၁၅ခုနှစ်) သည် ၎င်း၏ပြိုင်ဘက် အခြားမီဒီယာ ဥပဒေ(၂) ရပ်နှင့် နှိုင်းယှဉ်ပါက နိုင်ငံတကာစံနှုန်းများနှင့် ပိုမိုနီးစပ်သော်လည်း ချို့ယွင်းချက်များ ရှိနေဆဲဖြစ်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စည်းကမ်းထိန်းချုပ်ခြင်းဆိုင်ရာ လွတ်လပ်မှု၊ မတူကွဲပြားမှုနှင့် ပြိုင်ဆိုင်မှုကဲ့သို့သော အရေးကြီးသည့် လမ်းညွှန်အခြေခံမူများကို အသိအမှတ်ပြုထားသော်လည်း စစ်တပ်ထိန်းချုပ်သော ရုပ်သံလိုင်းများအပါအဝင် အစိုးရထိန်းချုပ်သော ရုပ်သံလွှင့်ဌာနများအတွက် လိုင်စင်စနစ်ကို ဆက်လက်ထားရှိဆဲဖြစ်သည်။[36] ဤဥပဒေက ရုပ်သံထုတ်လွှင့်လုပ်ငန်းများအား

[32] ဤဥပဒေသည် ကိုလိုနီခေတ် သတင်းစာ (အရေးပေါ်အာဏာများ) အက်ဥပဒေ (၁၉၄၁ ခုနှစ်) နှင့် အလွန်အာဏာရှင်ဆန်သည့် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ (၁၉၆၂ ခုနှစ်) တို့ကို ပယ်ဖျက်ခဲ့သည်။

[33] ပုဒ်မ ၃။

[34] ပုဒ်မ ၄ မှ ၇၊ ၁၂ မှ ၁၄၊ ၈ မှ ၁၀။

[35] ပုဒ်မ ၆။

[36] ပုဒ်မ ၂(ဇ)၊ ၄(ခ)၊ ၃၈(ဃ) နှင့် ၆၁-၆၂။

ထိန်းညှိသည့်ဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းထားရာ၊ ၎င်း၏ အဖွဲ့ဝင်များကို ရွေးချယ်ရာ၌ လွှတ်တော်မှ အဆိုပြုပြီး အနိမ့်ဆုံးစံနှုန်းများနှင့် လူထု၏ တုံ့ပြန်မှုများအပေါ်မူတည်ထားသော်လည်း၊ နောက်ဆုံးတွင် အစိုးရကသာ ရွေးချယ်ခန့်အပ်သည်။ ထို့အပြင် ခန့်အပ်ပြီးသည်နှင့် အဖွဲ့ဝင်တို့သည် အစိုးရစည်းကမ်းထိန်းသိမ်းသူတစ်ဦး၏ "အကြံဉာဏ်ပေးခြင်း" ကို ခံယူရသောကြောင့် ၎င်းတို့၏ လွတ်လပ်မှုကို ထိပါးစေသည်။[37] စစ်တပ်သည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ၎င်းဥပဒေကို ပြင်ဆင်ခဲ့ပြီး၊ အင်တာနက်အခြေပြု ရုပ်သံထုတ်လွှင့်ခြင်းကိုပါ ဥပဒေ၏ အကျုံးဝင်မှုနယ်ပယ်ထဲသို့ ချဲ့ထွင်သွတ်သွင်းခဲ့ကာ၊ အွန်လိုင်းနှင့် အွန်လိုင်းပြင်ပတွင် လိုင်စင်မရှိဘဲ ထုတ်လွှင့်မှုများအတွက် ပြင်းထန်သော ပြစ်ဒဏ်များဖြင့် မိတ်ဆက်ပေးခဲ့သည်။[38]

## *ပြုပြင်ပြောင်းလဲရေး ရွေးချယ်စရာများ*

*အစိုးရသစ်အနေဖြင့် မီဒီယာဥပဒေသုံးရပ်၏ ချို့ယွင်းချက်များကို ကိုင်တွယ်ဖြေရှင်းပြီး ၎င်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် ပြုလုပ်ရန် နည်းလမ်းများစွာရှိသည်။ ယင်းတို့တွင် ဥပဒေများကို ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ ပါဝင်သည်။*

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄ ခုနှစ်) သည် နိုင်ငံတကာစံနှုန်းများကို ချိုးဖောက်ကာ၊ အထူးသဖြင့် အစိုးရထိန်းချုပ်ထားသည့် မီဒီယာလိုင်စင်ထုတ်ပေးသည့်စနစ်ကို ထူထောင်ထားသောကြောင့် မီဒီယာဥပဒေသုံးရပ်ထဲတွင် ပြဿနာအရှိဆုံး ဥပဒေအဖြစ် ထင်ရှားသည်။ ဒီမိုကရေစီစနစ်တခု၏ ထိရောက်သော မီဒီယာစည်းမျဉ်းစည်းကမ်းများအတွက် အသုံးဝင်သည့် သို့မဟုတ် လိုအပ်သည့် ဥပဒေပုဒ်မများ လုံးဝမပါရှိသောကြောင့် ဤဥပဒေကို ပြင်ဆင်ခြင်း၊ အစားထိုးခြင်းများက ထိရောက်မည်မဟုတ်ပေ။ ထို့ကြောင့် အထိရောက်ဆုံး လုပ်ဆောင်သင့်သည့် နည်းလမ်းမှာ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄ခုနှစ်) ကို လုံးဝရုပ်သိမ်းပယ်ဖျက်လိုက်ရန် ဖြစ်သည်။

[37] ပုဒ်မ ၅ မှ ၃၀။

[38] ပုဒ်မ ၂(က) နှင့် ၉၆ မှ ၉၉။ အများဆုံး ထောင်ဒဏ် ငါးနှစ်။

သတင်းမီဒီယာဥပဒေ (၂၀၁၄ခုနှစ်) သည် လက်ရှိတွင် ချို့ယွင်းနေပြီး၊ မီဒီယာအခွင့်အရေးများအတွက် အကာအကွယ်ပေးသည့် လုံခြုံရေးအရံအတားတစ်ခုထက် အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုအတွက် လက်နက်တစ်ခုသဖွယ် ပိုမိုလုပ်ဆောင်နေသည်။ ယင်းဥပဒေကို ရုပ်သိမ်းခြင်းက အနုတ်လက္ခဏာဆောင်သော နောက်ဆက်တွဲဆိုးကျိုး နည်းပါးမည်ဖြစ်သော်လည်း၊ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းနေချိန်တွင် မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ရန်အတွက် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေမူဘောင်အသစ်တစ်ခုကို မိတ်ဆက်ပေးခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေသောနည်းလမ်း ဖြစ်နိုင်သည်။ ဤမူဘောင်အသစ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အဆင့်သုံးဆင့်ပါ လေ့လာဆန်းစစ်ချက်နှင့်အတူ အပြည့်အဝအာမခံထားသော အခွင့်အရေးကို ထည့်သွင်းကာ၊ လိုင်စင်စနစ်နှင့် ဆင်ဆာဖြတ်တောက်ခြင်းကို တားမြစ်ကန့်သတ်ပြီး၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ သတင်းအချက်အလက်ရရှိခွင့်၊ သတင်းရင်းမြစ်နှင့် လျှို့ဝှက်သတင်းဖော်ထုတ်သူများ (whistleblowers)အတွက် ကာကွယ်ပေးသည့် ပြဋ္ဌာန်းချက်များလည်း ပါဝင်ရမည်။ ဤသို့ဆောင်ရွက်ရန် ရွေးချယ်စရာများအနက် တနည်းမှာ အကြောင်းအရာထိန်းချုပ်မှုနှင့် စာနယ်ဇင်းကောင်စီဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ကာ အဆိုပါအခွင့်အရေးများကို ထည့်သွင်း၍ လက်ရှိဥပဒေကို ပြင်ဆင်ခြင်းဖြစ်သည်။ သို့မဟုတ် "မီဒီယာလွတ်လပ်ခွင့်ဥပဒေ" အသစ်တစ်ခု ပြဋ္ဌာန်းကာ လက်ရှိဥပဒေကို လုံးဝအစားထိုးပစ်သည့် နည်းလမ်းဖြစ်သည်။ နောက်ဆုံးနည်းလမ်းသည် ပြီးပြည့်စုံသော ဥပဒေတရပ်လုံးပြုပြင်ပြောင်းလဲမှုအတွက် ပိုမိုနှစ်လိုဖွယ်ကောင်းသော ရွေးချယ်မှုဖြစ်သည်။

သတင်းမီဒီယာဥပဒေ (၂၀၁၄ ခုနှစ်) ပါ ပရော်ဖက်ရှင်နယ်မဆန်သော သို့မဟုတ် မမှန်ကန်သော သတင်းတင်ပြမှုများကို ကိုင်တွယ်ဖြေရှင်းသည့် ယန္တရားများအား ဖယ်ရှားပစ်ခြင်းအပေါ် ဖြစ်လာသည့် စိုးရိမ်မှုများကို မီဒီယာများအား တာဝန်ခံမှုရှိစေရန် ၂၀၂၃ ခုနှစ်တွင် ချင်းမိုင်၌ ဖွဲ့စည်းခဲ့သော လွတ်လပ်သည့် စာနယ်ဇင်းကောင်စီကို အခွင့်အာဏာပေးခြင်းဖြင့် ဖြေရှင်းနိုင်သည်။ ထို့အပြင် မီဒီယာစံချိန်စံညွှန်းများ မြှင့်တင်ရေးအတွက် မီဒီယာပရော်ဖက်ရှင်နယ်ဖြစ်စေရေး ပံ့ပိုးသည့် မူဝါဒများ၊ တက္ကသိုလ်အဆင့် သတင်းစာပညာသင်ကြားရေးအပါအဝင် သတင်းစာပညာသင်တန်းများနှင့်၊ အစိုးရကြော်ငြာများကို သာတူညီမျှ ခွဲဝေချထားပေးခြင်းမှတဆင့် မီဒီယာလုပ်ငန်းများ၏ ဘဏ္ဍာရေးခိုင်မာအောင် မြှင့်တင်ပေးခြင်းတို့က အထောက်အကူပြုနိုင်သည်။

အစိုးရ-မီဒီယာ ဆက်ဆံရေး တိုးတက်စေခြင်း၊ မီဒီယာညီလာခံများ ကျင်းပခြင်းနှင့် အစိုးရဌာနအားလုံးတွင် ဆက်သွယ်ရေးမူဝါဒများ ချမှတ်အကောင်အထည်ဖော်ခြင်းတို့က သတင်းသမားများအတွက် မှန်ကန်သော သတင်းအချက်အလက်များကို လက်လှမ်းမီရယူရာတွင် လွယ်ကူစေမည် ဖြစ်သည်။

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဥပဒေ (၂၀၁၅ ခုနှစ်) သည် စစ်တပ်၏ မကြာသေးမီက ပြင်ဆင်မှုများရှိသော်လည်း မီဒီယာဥပဒေသုံးရပ်ထဲတွင် ပြဿနာအနည်းဆုံး ဥပဒေအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ ၎င်းကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ပြင်ဆင်မှုမှတဆင့် ပြုပြင်ပြောင်းလဲရေးသည် အလုပ်ဖြစ်နိုင်သောရွေးချယ်မှု ဖြစ်သည်။ ထိုရွေးချယ်မှုသည် ဥပဒေအား လုံးဝပယ်ဖျက်ခြင်း သို့မဟုတ် အစားထိုးခြင်းကဲ့သို့သော မလိုအပ်သည့်အဆင့်များကို ရှောင်ရှားနိုင်သည်။ သို့ရာတွင် ဒီမိုကရေစီသို့ အသွင်ကူးပြောင်းနေချိန်တွင် ပြည်သူလူထု၏ ချိတ်ဆက်ပါဝင်မှုအတွက် မရှိမဖြစ်လိုအပ်သော လွတ်လပ်သည့် ရုပ်မြင်သံကြားနှင့် ရေဒီယိုလိုင်းများကို အများပြည်သူ လက်လှမ်းမီရရှိစေရန်အတွက် လျင်မြန်စွာ ဆောင်ရွက်ဖို့လိုအပ်သည်။ တဆင့်ပြီးတဆင့်ပြင်ဆင်သွားသည့် လုပ်ငန်းစဉ်တစ်ခုသည် စစ်တပ်၏ ပြင်ဆင်ချက်ကို ရှေးဦးစွာ (ပယ်ဖျက်ခြင်းမဟုတ်ဘဲ) အာဏာမတည်ပျက်ပြယ်စေနိုင်သည်။ နောက်ပိုင်းတွင် အစိုးရထိန်းချုပ်သော မီဒီယာများကို ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း သို့မဟုတ် အချို့ကို အများပြည်သူဝန်ဆောင်မှုဆိုင်ရာ ရုပ်သံလွှင့်ဌာနများအဖြစ် ပြောင်းလဲခြင်း စသဖြင့် ပိုမိုကျယ်ပြန့်သည့် ကိစ္စရပ်များကို အားလုံးလွှမ်းခြုံသည့် တင်းပြည့်ကျပ်ပြည့် ပြင်ဆင်မှုအတွက် လူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ စီစဉ်ဆောင်ရွက်သွားနိုင်သည်။[39]

[39] အာဏာမတည်ပျက်ပြယ်စေခြင်း (Nullification) ဆိုသည်မှာ ဥပဒေပြဋ္ဌာန်းချက်သည် မည်သည့်အခါကမှ တည်ရှိခဲ့ခြင်းမရှိသည့်အပြင် ၎င်းတွင်ပါဝင်သော သတ်မှတ်ထားသည့် အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ သို့မဟုတ် ပြစ်မှုတစ်စုံတစ်ရာသည်လည်း မည်သည့်အခါကမျှ မရှိခဲ့ခြင်းကို ဆိုလိုသည်။ ၎င်းသည် စစ်တပ်၏ လုပ်ရပ်သည် ထိုအချိန်ကပင် တရားဝင်မှုမရှိဘဲ ဥပဒေနှင့် မညီကြောင်းကို ဆိုလိုသည်။ ပယ်ဖျက်ခြင်း (Repealing) သည် ၎င်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး၊ မူလပြဋ္ဌာန်းချက်၏ တရားဝင်မှုကို ဥပဒေနှင့်အညီဖြစ်စေသော်လည်း ၎င်းသည် လက်ရှိတွင် ဆက်လက်တည်ရှိတော့ခြင်း မရှိကြောင်း သို့မဟုတ် အာဏာတည်ခြင်း မရှိတော့ကြောင်းကို ဆိုလိုသည်။

# ၆။ ရာဇဝတ်မှုဥပဒေအား ပြုပြင်ပြောင်းလဲခြင်း

မီဒီယာစည်းမျဉ်းများကို ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲခြင်းသည် မြန်မာနိုင်ငံ၏ ခေတ်မမီတော့သော ရာဇဝတ်မှုဥပဒေ မူဘောင်ကို ပြုပြင်ပြောင်းလဲခြင်းမရှိဘဲ ပြည့်စုံမည်မဟုတ်ပေ။ အစိုးရသစ်အနေဖြင့် ကိုလိုနီခေတ် ဥပဒေများကို ခေတ်မီအောင်ပြုလုပ်ရန်နှင့် ဆယ်စုနှစ်များစွာကြာ အာဏာရှင်ဆန်သော ဥပဒေပြဋ္ဌာန်းမှုများကို ပြောင်းပြန်လှန်ရန် ဦးစားပေးဆောင်ရွက်သင့်သည်။ ဤအခန်းတွင် အဓိကကျသော နိုင်ငံတကာစံနှုန်းများ၊ မြန်မာနိုင်ငံ၏ လက်ရှိ ရာဇဝတ်မှုဥပဒေ အခြေအနေကို အကဲဖြတ်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ရွေးချယ်စရာများကို ဖော်ပြထားသည်။

## ရာဇဝတ်ဥပဒေစံနှုန်းများ40

နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များအတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မည်ဆိုလျှင် အထက်တွင်ဖော်ပြခဲ့သည့် အဆင့်သုံးဆင့်ပါ ဆန်းစစ်ချက်နှင့် ကိုက်ညီရပါမည်။ ဆိုလိုသည်မှာ ၎င်းကန့်သတ်ချက်သည် ဥပဒေနှင့်ညီရမည်၊ ကန့်သတ်ရန် လိုအပ်ချက်ရှိရမည်ဖြစ်ပြီး၊ တရားဝင်ရည်ရွယ်ချက်များစွာထဲမှ တစ်ခုခုနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။[41] အောင်မြင်သည့် တရားစွဲဆိုမှုများသည် ပြောဆိုသူ၏ ရည်ရွယ်ချက်၊ ထိုထုတ်ဖော်ပြောဆိုမှုကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှု ဖြစ်နိုင်ခြေနှင့်၊ အဆိုပါ

[40] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို ပိုမိုပြည့်စုံပြီး အခိုင်အမာ စုစည်းထားသည်ကို ကြည့်လိုပါက၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (၂၀၁၁)၊ "အထွေထွေမှတ်ချက်အမှတ် ၃၄" တွင် ရှုပါ။ ကုလသမဂ္ဂသည် အသင်းအဖွဲ့ဖွဲ့စည်းခွင့်နှင့် ပတ်သတ်ပြီး ယင်းကဲ့သို့သော အထွေထွေမှတ်ချက်ကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း သက်ဆိုင်ရာစံနှုန်းများ၏ အကျဉ်းချုပ်အတွက် ICNL (၂၀၂၃)၊ "ICC-PR ပုဒ်မ ၂၂ ပါ သက်ဆိုင်ရာ ဥပဒေရင်းမြစ်များ- လွတ်လပ်စွာအသင်းအဖွဲ့ဖွဲ့စည်းခွင့်" တွင် ရှုပါ။

[41] အခြားသူများ၏ အခွင့်အရေးများ (ဥပမာ- ခြိမ်းခြောက်မှုများ)၊ အခြားသူများ၏ ဂုဏ်သိက္ခာများ (ဥပမာ- အသရေဖျက်မှု)၊ နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူတည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ပြည်သူ့ကျင့်ဝတ်များကို ကာကွယ်ခြင်း။

ထုတ်ဖော်ပြောဆိုမှုနှင့် ထိခိုက်နစ်နာမှုအန္တရာယ်တို့အကြား တိုက်ရိုက်၊ ချက်ချင်းဆက်စပ်မှုတို့ကို သက်သေပြနိုင်ရမည်ဖြစ်သည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အများပြည်သူတည်ငြိမ်အေးချမ်းရေး သို့မဟုတ် နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ရန်အတွက် ကန့်သတ်နိုင်ပြီး၊ မြန်မာနိုင်ငံတွင် ၎င်းတို့အား နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ အစိုးရလျှို့ဝှက်ချက်များ၊ သို့မဟုတ် အရေးပေါ်အခြေအနေ ဥပဒေများအောက်တွင် မကြာခဏ ထည့်သွင်းပြဋ္ဌာန်းထားသည်။[42] နိုင်ငံတော်လုံခြုံရေးအကြောင်းပြချက်ဖြင့် ချမှတ်သည့် ကန့်သတ်ချက်များသည် အင်အားအသုံးပြုကျူးကျော်ခြင်း၊ အင်အားသုံးမည်ဟု ခြိမ်းခြောက်ခြင်းမှ နိုင်ငံတစ်ခု၏ တည်ရှိမှုနှင့် နယ်မြေပိုင်နက်ခိုင်မာမှုကို ကာကွယ်ရန်၊ သို့မဟုတ် နိုင်ငံ၏ တုံ့ပြန်နိုင်စွမ်းကို ကာကွယ်ရန် ဖြစ်ပြီး၊ ကန့်သတ်ရန် စစ်မှန်သောရည်ရွယ်ချက်နှင့် လက်တွေ့သက်သေပြနိုင်သော အကျိုးသက်ရောက်မှုလည်း ရှိရမည်။ ၎င်းကန့်သတ်ချက်များသည် အစိုးရကို အရှက်ရစေခြင်း၊ အစိုးရကျူးလွန်ထားသည့် ပြစ်မှုများ ဖော်ထုတ်ခံရခြင်း၊ သို့မဟုတ် မငြိမ်မသက်မှုများကို ဖိနှိပ်ခြင်းတို့မှ ကာကွယ်ရန် မဟုတ်ချေ။ တရားရုံး မထီမဲ့မြင်ပြုခြင်းကဲ့သို့သော အများပြည်သူတည်ငြိမ်အေးချမ်းရေးကို ကာကွယ်ရန် ရည်ရွယ်သည့် တရားရုံး၏ ကန့်သတ်ချက်များသည် တရားဝင်ခုခံကာကွယ်ခွင့်များကို မထိခိုက်စေဘဲ၊ အစီအစဉ်တကျဖြစ်သော တရားရေးလုပ်ငန်းစဉ်များကို ထိန်းသိမ်းရန် လိုအပ်ကြောင်း အထောက်အထားခိုင်မာစွာ သက်သေပြရမည်။

လူပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်သိက္ခာကို မှားယွင်းသော အချက်အလက်ဖော်ပြမှုများမှ ကာကွယ်ရန်အတွက် ကန့်သတ်ချက်များ ပြုလုပ်နိုင်ပြီး၊ ယင်းကို ဂုဏ်သိက္ခာညှိုးနွမ်းစေမှု (အသရေဖျက်မှု) ဟု ရည်ညွှန်းသည်။[43] မည်သည့်ကန့်သတ်မှုမဆို စော်ကားမှု၊ ထင်မြင်ယူဆချက်

---

[42] ပိုမိုသိရှိလိုပါက- Article 19 (၁၉၉၆)၊ "<u>နိုင်ငံတော်လုံခြုံရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရယူခွင့်ဆိုင်ရာ ဂျိုဟန်နက်စဘာ့ဂ်မူများ</u>" တွင် ရှုပါ။

[43] "သတင်းအတု" ကို တရားဝင်ရည်ရွယ်ချက်တခုအဖြစ် စာရင်းမသွင်းရခြင်းမှာ ၎င်းသည် တိကျမှုမရှိဘဲ ပုဂ္ဂလဓိဋ္ဌာန်ကျသောကြောင့်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် မမှန်ကန်သော ထုတ်ပြန်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် အသရေဖျက်မှုကန့်သတ်ချက်များကို အသုံးပြုနိုင်သော်လည်း၊ ထိုထုတ်ပြန်ချက်များသည် အမြင်အယူအဆထက် အချက်အလက်ဖြစ်ခြင်း၊ သိလျက်နှင့်မှားယွင်းဖော်ပြခြင်းနှင့် ထိုက်တန်သော ဂုဏ်သိက္ခာကို အမှန်တကယ် ထိခိုက်နစ်နာစေခြင်းတို့ ဖြစ်ပေါ်မှသာ အသုံးပြုနိုင်သည်။ ပိုမိုသိရှိလိုပါက- Free Expression Myanmar (၂၀၁၉)၊ "<u>အသရေဖျက်ခြင်းဆိုတာ ဘာလဲ - နိုင်ငံတကာစံနှုန်းများနှင့် မြန်မာနိုင်ငံ၏ဥပဒေမူဘောင်</u>" တွင် ရှုပါ။

သို့မဟုတ် သရော်လှောင်ပြောင်မှုတို့ကို ချန်လှပ်၍ အချက်အလက်ဆိုင်ရာ ဖော်ပြပြောဆိုမှုများကိုသာ ကျဉ်းမြောင်းစွာ ပစ်မှတ်ထားကန့်သတ်ရမည်။ ထို့အပြင် ပြင်းထန်ပြီး တိုင်းတာနိုင်သော ဂုဏ်သိက္ခာထိခိုက်မှုမျိုးကိုသာ ကာကွယ်ရန် လိုအပ်ရမည်။ ဒီမိုကရေစီဆန်သော ပြောဆိုဆွေးနွေးမှုများကို ထိန်းသိမ်းရန်အတွက် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များနှင့် သက်ဆိုင်သည့် ဂုဏ်သိက္ခာညှိုးနွမ်းစေမှုတွင် (အမှုမြောက်ရန်) ဥပဒေသတ်မှတ်ချက်သည် မြင့်မားသင့်ပြီး၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများနှင့် အများပြည်သူကိုယ်စားပြုသည့်ပုဂ္ဂိုလ်များကိုမူ အသရေဖျက်မှုဥပဒေများဖြင့် ကာကွယ်ပေးထားခြင်း မပြုသင့်ပေ။ ဥပဒေဆိုင်ရာကုစားမှုများသည်လည်း တရားမမှုနည်းလမ်းများသာ ဖြစ်ရမည်။

နိုင်ငံသား၊ လူမျိုး သို့မဟုတ် ဘာသာရေးအခြေခံ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုကို လှုံ့ဆော်သည့် ထုတ်ဖော်ပြောဆိုမှုများအပေါ်တွင်လည်း ကန့်သတ်ချက်များ ချမှတ်နိုင်သည်။[44] သို့ရာတွင် ထိုသို့သော ကန့်သတ်ချက်များကို ကျဉ်းမြောင်းစွာ သတ်မှတ်ဖော်ပြထားရမည်ဖြစ်ပြီး ယုံကြည်မှုစနစ်များ၊ အဖွဲ့အစည်းများကို ဝေဖန်မှုများမှ ကာကွယ်ပေးရန် မဟုတ်ပေ။[45]

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတခုအတွင်းရှိ လူ့အဖွဲ့အစည်း၏ ခွဲခြားဆက်ဆံခြင်းမပြုသည့် ကိုယ်ကျင့်တရားများအား ကာကွယ်ရန်အတွက် ကန့်သတ်နိုင်ပြီး၊ ယင်းကိုယ်ကျင့်တရားများသည် လူငယ်၊ လူကြီး၊ အမျိုးသား၊ အမျိုးသမီးသာကမ အမျိုးမျိုးသော လူမှုရေး၊ ဒဿနနှင့် ဘာသာရေး ထုံးတမ်းစဉ်လာအစုံအလင်တို့အပါအဝင် ပြည်သူလူထုအများစုက ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးသော ကိုယ်ကျင့်တရားများ ဖြစ်သည်။ ၎င်းသည် လူထု၏

[44] <u>နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (၁၉၆၆ ခုနှစ်)</u>၊ ပုဒ်မ ၂၀။လူအများစုက "အမုန်းစကား" (hate speech) ဟု သိထားကြသည့် ခွဲခြားဆက်ဆံသော မုန်းတီးမှုအသွင်ဆောင်သည့် ပြောဆိုမှုများကို ကန့်သတ်နိုင်သော်လည်း၊ အဆိုးရွားဆုံးသော အခြေအနေများတွင်သာ ဖြစ်သည်။ ပိုမိုသိရှိလိုပါက- Article 19 (၂၀၁၅)၊ "<u>အမုန်းစကားလက်စွဲ</u>" တွင် ရှုပါ။

[45] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (၂၀၁၃)၊ "<u>Rabat လုပ်ငန်းစီမံချက်</u>"။

တစ်စိတ်တစ်ပိုင်း သို့မဟုတ် အာဏာရှိသော လူဦးရေအုပ်စုတစ်စုက ကြေညာထားသည့် ကိုယ်ကျင့်တရားများသက်သက် မဖြစ်ရပါ။[46]

## မြန်မာ့ရာဇဝတ်မှုဥပဒေများ

စစ်အာဏာသိမ်းပြီး လေးနှစ်တာကာလအတွင်း သတင်းသမား အနည်းဆုံး ၁၆၄ ဦးသည် ခေတ်ဟောင်း ရာဇသတ်ကြီးဥပဒေ (၁၈၆၁ ခုနှစ်) အောက်တွင် တရားစွဲဆိုခံခဲ့ရသည်။ ဤဥပဒေသည် ကိုလိုနီခေတ် ဖိနှိပ်မှု၏ အမွေအနှစ်တစ်ခုဖြစ်ပြီး အာဏာမသိမ်းမီကပင် များစွာသော သတင်းသမားများကို ဖိနှိပ်ရန် အသုံးပြုခဲ့သည်။[47] မူလက ကိုလိုနီအုပ်ချုပ်ရေးကို ဆန့်ကျင်သူများအား နှိမ်နင်းရန် ရေးဆွဲခဲ့သည့် ရာဇသတ်ကြီးတွင် နိုင်ငံတော်ကို အကြည်ညိုပျက်စေမှုကဲ့သို့သော ပြဋ္ဌာန်းချက်များ ပါဝင်ရာ၊ ၎င်းတို့သည် ဒီမိုကရေစီစံနှုန်းများနှင့် ထင်ရှားစွာ ဆန့်ကျင်နေပြီး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရန် တရားဝင်အကြောင်းပြချက်များ မဟုတ်ပေ။[48] ထို့အပြင် ရာဇသတ်ကြီးပါ ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုကဲ့သို့သော ပြဋ္ဌာန်းချက်များသည် အပေါ်ယံအားဖြင့် တရားဝင်မှုရှိသယောင်ဖြစ်သော်လည်း၊ မတိကျမှုနှင့် အချိုးအစားမညီမျှသော ကြီးလေးသည့်ပြစ်ဒဏ်များဖြင့် ပြည့်နှက်နေသည်။[49] ဤရာဇသတ်ကြီးတစ်ခုလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် လုံလောက်သော အကာအကွယ်များ လုံးဝကင်းမဲ့နေသည်။[50]

---

[46] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ (၂၀၁၁)၊ "<u>အထွေထွေမှတ်ချက်အမှတ် ၃၄</u>"။ ဥပမာအားဖြင့် အချို့သော အလွန်အမင်းထင်ရှားတိကျစွာဖော်ပြထားသည့် လိင်ပိုင်းဆိုင်ရာ ပုံရိပ်များကို ဖြန့်ဝေခြင်းအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းသည် တရားဝင်ဖြစ်ကောင်းဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းနီးပါးက ၎င်းကို ကျင့်ဝတ်သိက္ခာမရှိဟု ရှုမြင်ကြမည်ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော် သီးခြားလူမှုအသိုင်းအဝိုင်းတစ်ခု၏ ထုတ်ဖော်ကြေညာထားပြီးဖြစ်သည့် ကိုယ်ကျင့်တရားဆိုင်ရာတန်ဖိုးများကို ကာကွယ်ရန်အတွက် အရွယ်ရောက်ပြီးသူများထံ အလွန်အမင်းမဟုတ်သည့် လိင်ပိုင်းဆိုင်ရာပုံရိပ်များကို ဖြန့်ဝေခြင်းအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းသည် တရားဝင်မည်မဟုတ်ပေ။ ပိုမိုသိရှိလိုပါက- Sharma နှင့် Bleich (၂၀၁၉)၊ "လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ပြည်သူ့ကျင့်ဝတ်နှင့် လိင်ပိုင်းဆိုင်ရာ ထုတ်ဖော်ပြောဆိုမှု" တွင် ရှုပါ။

[47] ICNL (၂၀၂၅)၊ "<u>မြန်မာနိုင်ငံ၌ သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု</u>"။

[48] ပုဒ်မ ၁၂၄-က။ နိုင်ငံတော်အကြည်ညိုပျက်စေမှုဆိုသည်မှာ အစိုးရအပေါ် မကျေနပ်မှု၊ မထီမဲ့မြင်ပြုမှု၊ သစ္စာမဲ့မှု၊ ရန်လိုမှု သို့မဟုတ် မုန်းတီးမှုကို အားပေးခြင်းဖြစ်ပြီး၊ ၎င်းသည် သာမန်ဒီမိုကရေစီဆန်သော ငြင်းခုံဆွေးနွေးမှုအမျိုးမျိုးနှင့်လည်း သက်ဆိုင်နိုင်သည်။ အာဏာသိမ်းပြီးနောက် ပုဒ်မ ၁၂၄-က ဖြင့် သတင်းသမား လေးဦး တရားစွဲဆိုခံထားရသည်။

[49] ပုဒ်မ ၅၀၅(ခ) နှင့် ၄၉၉။ အာဏာသိမ်းပြီးနောက် ပုဒ်မ ၅၀၅(ခ) ဖြင့် သတင်းသမား လေးဦး တရားစွဲဆိုခံထားရသည်။

[50] ဥပမာအားဖြင့် ပုဒ်မ ၄၉၉ တွင် အသရေဖျက်မှုနှင့် ပတ်သက်၍ ချွင်းချက်အချို့ ပါဝင်သော်လည်း၊ အမှန်တရားသည် အကြွင်းမဲ့ခုခံကာကွယ်မှုတစ်ခု ဖြစ်ကြောင်း မဖော်ပြထားပေ။

အာဏာကို ပိုမိုမြဲမြံစွာချုပ်ကိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် စစ်တပ်သည် ယခင်ကတည်းက ဖိနှိပ်မှုရှိပြီးသား ရာဇသတ်ကြီးဥပဒေ (၁၈၆၁ ခုနှစ်) ကို ၂၀၂၁ ခုနှစ်တွင် ပြင်ဆင်ခဲ့သည်။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုပုဒ်မ ပြင်ဆင်ချက်တွင် အကြမ်းဖက်မှုပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ၊ စစ်တပ်ကို ဖြုတ်ချရန် ထောက်ခံသည့် မည်သည့်ထုတ်ဖော်ပြောဆိုမှုမျိုးကိုမဆို အကျုံးဝင်အောင် ဥပဒေကို ချဲ့ထွင်ခဲ့ပြီး၊ ပြစ်မှုကျူးလွန်သူများကို အချိုးအစားမမျှတသည့် သေဒဏ်ချမှတ်ရန် ရည်ရွယ်ခဲ့သည်။[51] အလားတူပင် မူလက အစိုးရအပေါ် မကျေနပ်ခြင်းကို ပြစ်မှုအဖြစ် သတ်မှတ်ရန် ရည်ရွယ်ခဲ့သည့် နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မကိုလည်း စစ်တပ်အပေါ် မကျေနပ်သည့် သဘောထားများကိုပါ လွှမ်းခြုံအပြစ်ပေးနိုင်ရန် ချဲ့ထွင်ခဲ့သည်။[52]

စစ်တပ်သည် ၂၀၂၁ ခုနှစ် ပြင်ဆင်မှုတွင် ပုဒ်မ ၅၀၅-က အဖြစ် ပုဒ်မအသစ်တစ်ခုကိုလည်း ထပ်မံထည့်သွင်းခဲ့သည်။ ၎င်းပုဒ်မသည် ကြောက်ရွံ့မှုဖြစ်စေခြင်း၊ သတင်းမှားဖြန့်ခြင်းနှင့် အစိုးရဝန်ထမ်းများအပေါ် ပြစ်မှုကျူးလွန်ရန် လှုံ့ဆော်ခြင်းတို့ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခဲ့သည်။ ဤမတိကျသည့် ပြဋ္ဌာန်းချက်သည် စတင်ပြဋ္ဌာန်းသည့်အချိန်မှစ၍ သတင်းသမား အနည်းဆုံး ၁၄၁ ဦးကို တရားစွဲဆိုရန် အသုံးပြုခဲ့ပြီး၊ ၎င်းတို့ထဲမှ လူအများအား အချိုးအစားမမျှတသည့် ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။[53] ဤပြဋ္ဌာန်းချက်တွင် ပါဝင်သော ထိခိုက်မှုတစ်ခုကမျှ နိုင်ငံတကာစံနှုန်းများအရ တရားဝင်မှုမရှိပေ။ ဥပမာအားဖြင့်၊ မီဒီယာများက ပြင်းထန်သည့် သတင်းများကို ဖော်ပြသည့်အခါ ကြောက်ရွံ့ထိတ်လန့်သော ခံစားမှုများ ဖြစ်ပေါ်ခြင်းသည် ဖြစ်လေ့ဖြစ်ထရှိသည့် တုံ့ပြန်မှုများ ဖြစ်သည်။ မှားယွင်းမှုဆိုသည်မှာလည်း မကြာခဏဆိုသလို ပုဂ္ဂလဓိဋ္ဌာန်ဆန်ပြီး အစိုးရများသည် မည်သည်က မှန်သည်၊ မှားသည်ကို ဆုံးဖြတ်သူများ မဖြစ်သင့်ပေ။ ရေးသားထုတ်ဖော်ပြောဆိုမှုတစ်ခုနှင့် ရာဇဝတ်မှုတစ်ခုအကြား အကြောင်းအကျိုးဆက်စပ်မှုကို ပြသရန် လှုံ့ဆော်ခြင်းဆိုသည့် အပြုအမူသည်လည်း အလွန်ပင် မရှင်းလင်းမတိကျပါ။[54]

---

[51] ပုဒ်မ ၁၂၁။

[52] ပုဒ်မ ၁၂၄-က။

[53] ICNL (၂၀၂၅)၊ "<u>မြန်မာနိုင်ငံ၌ သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု</u>"။ ပုဒ်မ ၅၀၅-က နှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက- Free Expression Myanmar (၂၀၂၂)၊ "<u>၅၀၅-က - လက်စားချေမှု</u>" တွင် ရှုပါ။

[54] နိုင်ငံတကာစံနှုန်းများက ဒီမိုကရေစီဆန်သော ငြင်းခုံဆွေးနွေးမှုနှင့် တာဝန်ခံမှုတို့ကို ဖြစ်ပေါ်စေရန်အတွက် အစိုးရအရာရှိများသည် သာမန်ပြည်သူများထက် ပိုမိုပြင်းထန်သော ဝေဖန်မှုများကို ခံနိုင်ရည်ရှိသင့်ကြောင်း ဖော်ပြထားသည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် စစ်တပ်သည် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ (၂၀၁၄ ခုနှစ်) ကို ပြင်ဆင်ခဲ့ပြီး အာဏာကို ပိုမိုတင်းကျပ်စွာ ချုပ်ကိုင်ရန်ကြိုးပမ်းခဲ့သည်။ ဤဥပဒေအောက်တွင် သတင်းသမား အနည်းဆုံး ၃၂ ဦး တရားစွဲဆိုခံခဲ့ရသည်။[55] အဆိုပါဥပဒေသည် ထုတ်ဖော်ပြောဆိုမှုတစ်ခုနှင့် အကြမ်းဖက်လုပ်ရပ်တစ်ခုအကြား တိုက်ရိုက်နှင့် ချက်ချင်း အကျိုးအကြောင်းဆက်စပ်မှုကို သက်သေပြရန်မလိုအပ်ဘဲ "စည်းရုံးသိမ်းသွင်းမှုနှင့် ဝါဒဖြန့်မှု" ကဲ့သို့သော မရှင်းလင်းသည့်အချက်များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။[56] ထို့အပြင် စစ်တပ်သည် ဥပဒေပါ အကြမ်းဖက်မှု၏ အဓိပ္ပါယ်မပြတ်သားသော ဖွင့်ဆိုချက်ကို အခွင့်ကောင်းယူကာ အမျိုးသားညီညွတ်ရေးအစိုးရကို ဥပဒေဖြင့်တားမြစ်ထားသော အကြမ်းဖက်အဖွဲ့အစည်းစာရင်းတွင် ထည့်သွင်းခြင်းဖြင့် အတိုက်အခံများကို ပစ်မှတ်ထားခဲ့သည်။[57]

မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်) ကို သတင်းသမားများအပေါ် အသုံးပြုခဲ့ပြီး၊ အာဏာသိမ်းစ ကာလများအတွင်း အနည်းဆုံး သတင်းသမား ၆ ဦး တရားစွဲဆိုခံခဲ့ရသည်။[58] အဆိုပါဥပဒေသည် နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ရန် ရည်ရွယ်သည်ဟု အမည်ခံထားသော်လည်း၊ အစိုးရက မတရားအသင်းဟု သတ်မှတ်ထားသော အဖွဲ့အစည်းများအတွက် "ဆော်သြကမကထပြုခြင်း" ဆိုသည့် မတိကျသော လုပ်ရပ်ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားရာ၊ ဥပဒေအား အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ရန် မရှိမဖြစ်လိုအပ်သော အကာအကွယ်များ ကင်းမဲ့နေသည်။[59]

ဆက်သွယ်ရေးဥပဒေ (၂၀၁၃ ခုနှစ်) ပါ ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုပုဒ်မကို ၂၀၂၂ ခုနှစ်မှစ၍ သတင်းသမားအနည်းဆုံး ၁၁ ဦးကို တရားစွဲဆိုရန် အသုံးပြုခဲ့ပြီး၊ အာဏာမသိမ်းမီက ထို့ထက် ပိုမိုများပြားသော သတင်းသမားများ တရားစွဲဆိုခံခဲ့ရသည်။[60] ဂုဏ်သိက္ခာကို ကာကွယ်ခြင်းသည် တရားဝင်ရည်ရွယ်ချက်တစ်ခု ဖြစ်သော်လည်း ဤဥပဒေ၏ မတိကျသော

---

[55] ICNL (၂၀၂၅)၊ "မြန်မာနိုင်ငံ၌ သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု"။

[56] ပုဒ်မ ၃။

[57] ICNL (၂၀၂၃)၊ "မြန်မာနိုင်ငံတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး အစီအမံများ၏ သက်ရောက်မှု"

[58] ICNL (၂၀၂၅)၊ "မြန်မာနိုင်ငံ၌ သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု"။

[59] ပုဒ်မ ၁၇။

[60] ICNL (၂၀၂၅)၊ "မြန်မာနိုင်ငံ၌ သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု"။ အာဏာမသိမ်းမီက တရားစွဲဆိုမှုများနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက- Free Expression Myanmar (၂၀၁၇)၊ "၆၆(ဃ)- စစ်မှန်သည့် ပြောင်းလဲခြင်းမရှိ" တွင် ရှုပါ။

အသရေဖျက်မှုပြဋ္ဌာန်းချက်နှင့် အချိုးအစားမမျှသော ပြစ်ဒဏ်များသည် ဥပဒေကိုအလွဲသုံးစားပြုလုပ်ရန် အားပေးရာရောက်သည်။[61] မြန်မာနိုင်ငံတွင် အခြားဥပဒေများ၌ လူတိုင်းအတွက်အကျုံးဝင်သည့် ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုပုဒ်မပါဝင်သော ဥပဒေများစွာ ရှိနှင့်ပြီးဖြစ်ရာ၊ ဤပြဋ္ဌာန်းချက်က ထပ်ချည်းတလဲလဲ ဖြစ်နေသည်။[62]

မြန်မာနိုင်ငံတွင် အခြားသော ရာဇဝတ်မှုဥပဒေများစွာသည် မီဒီယာများကို ခြိမ်းခြောက်လျက်ရှိသည်။ ယနေ့အထိ စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှစ၍ သတင်းသမား အနည်းဆုံး ၁၁ ဦးသည် အခြားသော ရာဇဝတ်မှုဥပဒေ ငါးခုအောက်တွင် တရားစွဲဆိုခံခဲ့ရသည်။[63] ဆိုင်ဘာလုံခြုံရေးဥပဒေအသစ် (၂၀၂၅ ခုနှစ်) သည် ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုပြဋ္ဌာန်းချက်တစ်ခု ထပ်မံထည့်သွင်းခြင်းဖြင့် မီဒီယာများကို ပိုမိုခြိမ်းခြောက်လျက်ရှိသည်။ ထို့အပြင် အခြားသော ရာဇဝတ်မှုဥပဒေများစွာသည် လက်ရှိတွင် အသုံးမပြုဘဲ ရှိနေသေးသော်လည်း ဖိနှိပ်ရေးကိရိယာများအဖြစ် အသုံးပြုခံလာရနိုင်သည့် အန္တရာယ်များ ရှိနေသည်။[64] လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထပ်ခါတလဲလဲ ထိခိုက်နေစေသော လုပ်ထုံးလုပ်နည်းဥပဒေများနှင့် ပတ်သက်သည့် ပြဿနာများလည်း ရှိနေသည်။ ဥပမာအားဖြင့် အီလက်ထရောနစ်သက်သေနှင့် ပတ်သက်သော သက်သေခံစည်းမျဉ်းများသည် မီဒီယာအား တရားစွဲဆိုမှုကို အားကောင်းလာစေရန် မကြာခဏ တလွဲအသုံးချခံရသည်။[65]

---

[61] ပုဒ်မ ၆၆(ဃ)။

[62] ဥပဒေတွင် "အသရေဖျက်မှု" ကို ရှင်းလင်းရန် မလိုအပ်ကြောင်း သို့မဟုတ် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန် မည်သည့်အကာအကွယ်မှ မလိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ရာဇသတ်ကြီးဥပဒေ (၁၈၆၁ ခုနှစ်) တွင် ပါဝင်ပြီးဖြစ်ကြောင်း အဆိုများသည် လက်တွေ့တွင် တရားရုံးများ၌ ခိုင်မာမှု မရှိခဲ့ပါ။ ပိုမိုသိရှိလိုပါက- Free Expression Myanmar (၂၀၁၇)၊ “၆၆(ဃ)- စစ်မှန်သည့် ပြောင်းလဲခြင်းမရှိ” တွင် ရှုပါ။

[63] အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ (၂၀၀၄ ခုနှစ်)၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်)၊ ပို့ကုန်နှင့် သွင်းကုန် ဥပဒေ (၂၀၁၂ ခုနှစ်)၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေ (၁၉၄၇ ခုနှစ်)၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ဥပဒေ (၂၀၁၃ ခုနှစ်)။

[64] ဥပမာအားဖြင့် စစ်တပ်သည် လျှို့ဝှက်အက်ဥပဒေ (၁၉၂၃ ခုနှစ်) ကို နိုင်ငံရေးခေါင်းဆောင်များကို တရားစွဲဆိုရန် အသုံးပြုခဲ့သော်လည်း သတင်းသမားများကိုမူ မတရားစွဲဆိုခဲ့ပါ။ ယခင်အစိုးရများသည် ဤဥပဒေကို မီဒီယာများအပေါ် အသုံးပြုခဲ့ကြသည်။

[65] သက်သေခံဥပဒေ (၁၈၇၂ ခုနှစ်) နှင့် မြန်မာနိုင်ငံ သက်သေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅ ခုနှစ်)။

### *ပြုပြင်ပြောင်းလဲရေး ရွေးချယ်စရာများ*

*မြန်မာနိုင်ငံ၏ ရာဇဝတ်မှုဥပဒေမူဘောင်ကို ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီစေရေးအတွက် များစွာကြိုးပမ်းအားထုတ်ရန် လိုအပ်နေပါသည်။ ၎င်းသည် မီဒီယာကို ထိခိုက်စေသည့် စစ်တပ်၏ မကြာသေးမီက ပြင်ဆင်မှုများကို ပြောင်းပြန်လှန်ရန်အတွက်သာမက၊ ကိုလိုနီခေတ်ဥပဒေများနှင့် လွန်ခဲ့သည့် ဆယ်စုနှစ်များစွာ စစ်အုပ်ချုပ်ရေးကာလအတွင်း ပြဋ္ဌာန်းခဲ့သော ဥပဒေများကိုပါ ဖြေရှင်းရန်အတွက် ဖြစ်သည်။ အစိုးရသစ်အနေဖြင့် ရာဇဝတ်မှုဥပဒေများကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန်အတွက် ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။*

အထိရောက်ဆုံး ရွေးချယ်မှုမှာ မီဒီယာလွတ်လပ်ခွင့်ကို အတိအလင်း အကာအကွယ်ပေးသည့် ဥပဒေအသစ်တစ်ရပ်ကို ပြဋ္ဌာန်းလိုက်ပြီး၊ ထိုဥပဒေသစ်၏ အာဏာဖြင့် လက်ရှိတည်ဆဲနှင့် အစားထိုးပြင်ဆင်ထားသော ဥပဒေအားလုံးကို ကျော်လွန်ပျက်ပြယ်စေခြင်း ဖြစ်သည်။ နောင်လာမည့် တရားစွဲဆိုမှုအားလုံးသည် မည်သည့် ရာဇဝတ်မှုဥပဒေအောက်တွင် အကျုံးနေဝင်သည်ဖြစ်စေ မီဒီယာလွတ်လပ်ခွင့်ကို အတိအလင်းကာကွယ်ပေးထားသည့် ဥပဒေသစ်အတိုင်းသာ ဆောင်ရွက်ရမည် ဖြစ်သောကြောင့် ဤချဉ်းကပ်မှုသည် မြန်မာနိုင်ငံ၏ များပြားလှသော ရာဇဝတ်မှုဥပဒေတစ်ခုချင်းစီကို ပြင်ဆင်နေရမည့် အရေးတကြီးလိုအပ်ချက်ကိုလည်း လျှော့ချပေးနိုင်လိမ့်မည်ဖြစ်သည်။ ဖြစ်နိုင်ခြေရှိသော ပုံစံတစ်ခုမှာ သတင်းမီဒီယာဥပဒေ (၂၀၁၄ ခုနှစ်) တွင် ဖော်ပြထားသည့် အခွင့်အရေးများအပေါ် အခြေခံပြီး ၎င်းအခွင့်အရေးများကို ပြီးပြည့်စုံစွာ အာမခံပေးထားသည့်အပြင်၊ နိုင်ငံတကာစံနှုန်းများကို အပြည့်အဝလိုက်နာကာ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လုံလောက်သော ကုစားခွင့်ကိုလည်း ပေးအပ်မည့် အထက်ဖော်ပြပါ "မီဒီယာလွတ်လပ်ခွင့်ဥပဒေ" ပုံစံပင်ဖြစ်သည်။ ယင်းဥပဒေ၏ အနှစ်သာရအဖြစ် မီဒီယာများအပေါ် စွဲဆိုသည့် ရာဇဝတ်မှုအားလုံးသည် အဆင်သုံးဆင့်ပါ ဆန်းစစ်ချက်ကို ဖြတ်ကျော်အောင်မြင်ရန် မဖြစ်မနေ လိုအပ်ကြောင်း ထည့်သွင်းထားရှိမည်ဖြစ်သည်။

တနည်းအားဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာလူ့အခွင့်အရေး တာဝန်ဝတ္တရားအားလုံးကို လွှမ်းခြုံနိုင်မည့် "လူ့အခွင့်အရေးဥပဒေ" တစ်ရပ်ကို ပြဋ္ဌာန်းလိုက်သည့်

ပိုမိုကျယ်ပြန့်သောနည်းလမ်ဖြစ်သည်။ ဤနည်းလမ်းသည် မြန်မာနိုင်ငံ၏ ကိုလိုနီနယ်ချဲ့ဟောင်းဖြစ်သည့် ဗြိတိန်အစိုးရက ၎င်းတို့၏ လူ့အခွင့်အရေးအက်ဥပဒေ (၁၉၉၈ ခုနှစ်) ကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ပုံစံလည်း ဖြစ်ပါသည်။[66] အဆိုပါအက်ဥပဒေသည် နိုင်ငံတကာဥပဒေတာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရန်၊ ဆန့်ကျင်ဘက်ဖြစ်သော ဥပဒေများနေရာတွင် အစားထိုးရန်နှင့် ဥပဒေအသစ်များသည် လူ့အခွင့်အရေးနှင့် ကိုက်ညီကြောင်း သေချာစေရန် ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ လူ့အခွင့်အရေးဥပဒေတွင် သတင်းရင်းမြစ်များကို ကာကွယ်ခြင်းကဲ့သို့ မီဒီယာနှင့်သက်ဆိုင်သည့် သီးခြားအခွင့်အရေးများကို အာမခံပေးသည့် အခန်းတစ်ခန်း ထည့်သွင်းနိုင်သည်။

ဒုတိယရွေးချယ်မှုမှာ ရာဇဝတ်ဥပဒေများ ပြုပြင်ပြောင်းလဲမှုကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပြီး၊ အစိုးရအနေဖြင့် ဥပဒေများကို စနစ်တကျ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အစားထိုးခြင်းတို့ကို အချိန်ယူလုပ်ဆောင်သွားရန်ဖြစ်သည်။ ဤချဉ်းကပ်မှုသည် ပြည့်စုံသော်လည်း အလွန်ကျယ်ပြန့်သည့် တိုင်ပင်ဆွေးနွေးမှုများနှင့် လွှတ်တော်လုပ်ငန်းစဉ်များကို လိုအပ်မည်ဖြစ်သည်။ ယခုနည်းလမ်းအတွက် နိုင်ငံတကာစံနှုန်းများနှင့် အများဆုံးဆန့်ကျင်နေသည့် ဥပဒေများနှင့် အချိုးအစားမမျှတသောပြစ်ဒဏ်များပါဝင်သည့် ဥပဒေများအပေါ် အဓိကထား ဦးစားပေးသင့်သည်။ သို့သော် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေချိန်တွင် အခြားဥပဒေများအောက်၌ မီဒီယာများအား ဆက်လက်တရားစွဲဆိုမှုများ ဖြစ်ပေါ်နိုင်သည့် ကြီးမားသော အန္တရာယ်ရှိနေပြီး၊ ၎င်းသည် ဥပဒေမူဘောင်ကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေလိုသည့် အစိုးရ၏ ရည်ရွယ်ချက်ကို ထိခိုက်စေနိုင်ပါသည်။ ဤရွေးချယ်မှုကို အရှိန်မြှင့်ရန်အတွက် အစိုးရသစ်အနေဖြင့် စစ်တပ်၏ ပြင်ဆင်မှုအားလုံးကို (ပယ်ဖျက်ခြင်းမဟုတ်ဘဲ) အာဏာမတည်ပျက်ပြယ်စေမည့် ဥပဒေကြမ်းတစ်ရပ်ကို ရှေးဦးစွာ တင်သွင်းနိုင်သည်။ ၎င်းသည် မြန်မာနိုင်ငံ၏ ဥပဒေရေးရာ အခြေအနေကို အာဏာမသိမ်းမီကာလသို့

[66] ၆၃။ လူ့အခွင့်အရေးအက်ဥပဒေ (၁၉၉၈ ခုနှစ်) ကို ၎င်းတို့၏ တိုးတက်သော ဒီမိုကရေစီဆိုင်ရာ အထောက်အထားများကို ပြသလိုသည့် အစိုးရသစ်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၎င်းသည် ဥရောပ လူ့အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (၁၉၅၃ ခုနှစ်) တွင် ပါရှိရသည့် နိုင်ငံတကာတာဝန်ဝတ္တရားများကို ယူကေ၏ ပြည်တွင်းဥပဒေထဲသို့ ထည့်သွင်းထားသည်။ ပိုမိုသိရှိလိုပါက- Equality and Human Rights Commission (၂၀၁၈)၊ "လူ့အခွင့်အရေးအက်ဥပဒေ" တွင် ရှုပါ။

ထိရောက်စွာ ပြန်လည်ရောက်ရှိစေမည်ဖြစ်သည်။[67] သို့သော် ၎င်းနည်းလမ်းသည် မြန်မာ့ရာဇဝတ်မှုဥပဒေများ၏ အဆိုးရွားဆုံးအင်္ဂါရပ်အချို့ကို လျှော့ချပေးနိုင်မည်ဖြစ်သော်လည်း မီဒီယာများအားစွဲဆိုသည့် တရားမဝင်သော ရာဇဝတ်မှုအားလုံးကို ရပ်တန့်ရန် လုံလောက်မည်မဟုတ်ပေ။

# ၇။ လူ့အခွင့်အရေးချိုးဖောက်မှုများအား ပြန်လည်ကုစားခြင်း

မီဒီယာစည်းမျဉ်းစည်းကမ်းများကို ပြုပြင်ပြောင်းလဲခြင်းသည် အရေးကြီးသော်လည်း မီဒီယာလွတ်လပ်ခွင့်ကို အာမခံနိုင်မည့် အစိတ်အပိုင်းတစ်ခုအတွက်သာ ဖြစ်သည်။ ထပ်တူအရေးကြီးသည်မှာ သတင်းသမားများ၏ လူ့အခွင့်အရေးကို စစ်တပ်က ချိုးဖောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည့် ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းကို ဖြေရှင်းရန် ဖြစ်သည်။ ယင်းလုပ်ဆောင်မှု နှစ်ရပ်စလုံးသည် အမှန်တကယ် လွတ်လပ်သော မီဒီယာကို ဖော်ဆောင်ရာ၌ မရှိမဖြစ် လိုအပ်သည်။ ဤအခန်းတွင် နိုင်ငံတကာစံနှုန်းများကို အကြမ်းဖျင်း ဖော်ပြထားပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုအကြောင်း အကျဉ်းချုံးကာ၊ ပြန်လည်ကုစားရန် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများကို ဖော်ပြထားသည်။

---

[67] ဥပဒေပြဋ္ဌာန်းချက်တစ်ခုကို အာဏာမတည်ပျက်ပြယ်စေခြင်း (nullifying) ဆိုသည်မှာ ၎င်းသည် မည်သည့်အခါကမှ တည်ရှိခဲ့ခြင်းမရှိဘဲ ၎င်းတွင်ပါဝင်သော သတ်မှတ်ထားသည့် အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ သို့မဟုတ် ပြစ်မှုတစ်စုံတစ်ရာကိုလည်း ပျက်ပြယ်စေခြင်းဖြစ်သည်။ ၎င်းသည် စစ်တပ်၏ လုပ်ရပ်များသည် တရားမဝင်ကြောင်းကို ဆိုလိုသည်။ ရုပ်သိမ်းခြင်းသည် ဥပဒေ၏ တရားဝင်မှုကို အသိအမှတ်ပြုသော်လည်း ၎င်းသည် ဖျက်သိမ်းပြီးကြောင်း သို့မဟုတ် အသက်သွင်းအကောင်ထည်မဖော်နိုင်တော့ကြောင်းကို ကြေညာခြင်းဖြစ်သည်။

## ပြန်လည်ကုစားရေးဆိုင်ရာစံနှုန်းများ[68]

နိုင်ငံတကာစံနှုန်းများအရ နိုင်ငံများသည် လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသူ တစ်ဦးချင်းစီတိုင်းအတွက် ချိုးဖောက်မှုတွင်တာဝန်အရှိဆုံးလူ မည်သူမည်ဝါဖြစ်သည်နှင့် သက်ဆိုင်မှုမရှိစေဘဲ၊ တရားမျှတမှုလက်လှမ်းမီရရှိနိုင်ရေး အပါအဝင် တန်းတူညီမျှပြီး ထိရောက်သော ကုစားမှုများ ပြုလုပ်ပေးရန် တာဝန်ရှိသည်။[69] ထိုသို့ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်ခံရကြောင်းအဆိုများကို ထိရောက်လျှင်မြန်စွာ၊ စေ့စပ်သေချာစွာနှင့် ဘက်လိုက်မှုမရှိဘဲ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်နှင့် နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများကိုပါ ပူးတွဲပံ့ပိုးရန် လိုအပ်သည်။[70] နိုင်ငံများသည် စွပ်စွဲခံရသူများကို ဘက်လိုက်မှုမရှိဘဲ ပြည်တွင်းသာမက နိုင်ငံတကာဥပဒေများနှင့်အညီ တရားစွဲဆိုရမည်ဖြစ်ပြီး၊ နိုင်ငံတကာ တရားစီရင်ရေးလုပ်ငန်းစဉ်များကိုလည်း ပံ့ပိုးပေးရမည်ဖြစ်သည်။[71] အခွင့်အရေးချိုးဖောက်ခံရသူများသည် လုံလောက်ထိရောက်ပြီး ချက်ချင်းရရှိနိုင်သော ပေးလျော်မှုများ ခံစားပိုင်ခွင့်ရှိသည်။ ယင်းတွင် ၎င်းတို့၏ လွတ်လပ်မှုနှင့် ပိုင်ဆိုင်မှုများကို ပြန်လည်ရရှိစေခြင်း၊ စီးပွားရေးဆုံးရှုံးမှုများအတွက် လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လူသိရှင်ကြား တောင်းပန်ခြင်းနှင့် ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများ အကောင်အထည်ဖော်ခြင်းတို့ ပါဝင်နိုင်သည်။[72]

---

[68] ပိုမိုသိရှိလိုပါက- ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (၂၀၀၅)၊ "နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ခံရသူများနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ခံရသူများအတွက် ကုစားမှုနှင့် ပြန်လည်ပေးလျော်မှုဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ" တွင် ရှုပါ။

[69] "လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသူ" ဆိုသည်မှာ ထိခိုက်နစ်နာမှုခံစားရသူ၏ အနီးကပ်မိသားစုဝင်များ သို့မဟုတ် မှီခိုသူများလည်း ပါဝင်သည်။

[70] ဥပမာအားဖြင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား။

[71] ဥပမာအားဖြင့် တခြားနိုင်ငံတခု၏ ပြည်တွင်းတရားရုံးများရှိ ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့်အမှုများအပြင် နိုင်ငံတကာ ရာဇဝတ်ခုံရုံးတို့ ဖြစ်သည်။

[72] နိုင်ငံများသည် ပြည်တွင်းနှင့် နိုင်ငံခြား ပြန်လည်ပေးလျော်မှုဆိုင်ရာ စီရင်ချက်များကို အကောင်အထည်ဖော်သင့်ပြီး၊ နိုင်ငံတော်အဆင့်ပြန်လည်ပေးလျော်မှု အစီအစဉ်များကို ထူထောင်ကာ၊ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ တောင်းဆိုမှုများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးသင့်သည်။ ထပ်မံမဖြစ်ပွားစေရန် အာမခံချက်များတွင် လုံခြုံရေးတပ်ဖွဲ့များအပေါ် အရပ်ဘက်ကြီးကြပ်မှုထားရှိခြင်း၊ တရားစီရင်ရေး လွတ်လပ်မှု၊ ကျွမ်းကျင်ပညာရှင်များအား ကာကွယ်ပေးမှု၊ လူ့အခွင့်အရေးပညာပေးမှု၊ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများကို လိုက်နာမှု၊ ပဋိပက္ခဖြေရှင်းရေးယန္တရားများ နှင့် အနာဂတ်ချိုးဖောက်မှုများကို ကာကွယ်ရန် ဥပဒေပြုပြင်ပြောင်းလဲမှုများ ပါဝင်သည်။

## မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များ

၂၀၂၁ ခုနှစ်တွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း သတင်းသမား ၂၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ ၅၁ ဦးမှာ ဆက်လက်ထိန်းသိမ်းခံနေရဆဲဖြစ်သည်။ ၎င်းတို့အနက် ၁၀ ဦးမှာ တရားရင်ဆိုင်ရန် စောင့်ဆိုင်းနေဆဲဖြစ်ပြီး ၄၁ ဦးမှာ ပြစ်ဒဏ်ကျခံနေရသူများ ဖြစ်သည်။[73] စစ်တပ်ထိန်းချုပ်မှုအောက်ရှိ တရားရုံးများက သတင်းသမားများအား ထောင်ဒဏ်ပျမ်းမျှ ၅.၇ နှစ်နှုန်းဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး၊ သတင်းသမား လေးပုံတစ်ပုံနီးပါးမှာ ၁၀ နှစ်မှ ၂၇ နှစ်အထိ ပြစ်ဒဏ်များ ချမှတ်ခံခဲ့ရသည်။[74]လွတ်မြောက်လာသူများအနက် ၅၂ ဦးမှာ လျှော့ရက်များဖြင့် သို့မဟုတ် ပြစ်ဒဏ်စေ့၍ လွတ်မြောက်လာခြင်းဖြစ်ပြီး၊ ၁၂၀ ကျော်မှာ ပြစ်မှုထင်ရှားခြင်းမရှိဘဲ ပြန်လည်လွတ်မြောက်လာခဲ့သည်။ သတင်းသမားများစွာသည် စစ်တပ်၏ လက်ထဲ၌ ပြင်းထန်သော အကြမ်းဖက်မှုများကို ရင်ဆိုင်ခဲ့ရသည်။ ထိုအကြမ်းဖက်မှုများတွင် ပြင်းထန်စွာအနှောင့်အယှက်ပေးခြင်းနှင့် ခြိမ်းခြောက်ခြင်း၊ လူမြင်ကွင်းတွင် စော်ကားရိုက်နှက်ခြင်း၊ ၎င်းတို့၏ နေအိမ်များနှင့် မိသားစုဝင်များ တိုက်ခိုက်ခံရခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခံရစဉ် နှိပ်စက်ညှဉ်းပန်းခံရခြင်းတို့ ပါဝင်သည်။[75] သတင်းသမား ၁၀ ဦးအထိ သတ်ဖြတ်ခံခဲ့ရသည်။[76] အချို့သတင်းသမားများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရကာ၊ အသက်မွေးဝမ်းကြောင်းများ လုံးဝ ရပ်တန့်သွားပြီး၊ ၎င်းတို့နှင့် မိသားစုဝင်များမှာ ဘဏ္ဍာရေးအရ မတတ်သာဘဲ ဆုံးရှုံးပြိုလဲခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။ ထောင်တွင်းနှင့် ထောင်ပြင်ပ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုံးဝမရှိသေးဘဲ၊ ပြစ်မှုကျူးလွန်သူများသည် ပြစ်ဒဏ်မှ အပြည့်အဝကင်းလွတ်လျက် နောက်ထပ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေကြသည်။

[73] ICNL (၂၀၂၅)၊ "မြန်မာနိုင်ငံ၌ သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု"။

[74] ICNL (၂၀၂၅)၊ "မြန်မာနိုင်ငံ၌ သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု"။

[75] ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား (၂၀၂၄)၊ "မြန်မာနိုင်ငံတွင် စနစ်ချလုပ်ဆောင်သည့် အကြမ်းဖက်မှုများ ပျံ့နှံ့ဖြစ်ပွားခြင်း သုံးနှစ်ရှိလာချိန်တွင် ကျူးလွန်သူများ၏ ပြစ်မှုကို ညွှန်ပြနေသည့် အထောက်အထားများ ပိုမိုတွေ့လာရ"။

[76] ICNL (၂၀၂၅)၊ "မြန်မာနိုင်ငံ၌ သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု"။

## ကုစားမှုဆိုင်ရာ ရွေးချယ်စရာများ

*မီဒီယာများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြန်လည်ကုစားရေးသည် များပြားသော အရင်းအမြစ်နှင့် အချိန်တို့ကို လိုအပ်သည်။ အစိုးရသစ်အနေဖြင့် နောက်ထပ်ထိခိုက်မှုများ မဖြစ်ပွားစေရန်အတွက် အရေးတကြီး အာရုံစိုက်ရန်လိုအပ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဦးစားပေးဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်ရင်း တချိန်တည်းမှာပင် ပို၍ကျယ်ပြန့်ပြည့်စုံစွာ စဉ်းစားရန်လိုအပ်သည့် လူ့အခွင့်အအရေးချိုးဖောက်မှုများအတွက် ရေရှည်ဖြေရှင်းနည်းများကိုလည်း ချမှတ်သွားသင့်သည်။*

ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဖြစ် ဖမ်းဆီးထိန်းသိမ်းခံထားရသော သတင်းသမားများအား ပြန်လည်လွှတ်ပေးခြင်းကို ဦးစားပေးသင့်သည်။ သမိုင်းကြောင်းအရ မြန်မာနိုင်ငံ၏ အစိုးရများသည် အမှုများကို ရပ်ဆိုင်းစေပြီး၊ ပြစ်ဒဏ်ချမှတ်ခံထားရသူများအားလည်း လွတ်ငြိမ်းချမ်းသာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်များပေးခြင်းဖြင့် သတင်းထောက်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအား ပြန်လည်လွှတ်ပေးလေ့ရှိကြသည်။[77] သို့သော် ထိုသို့သော ဆောင်ရွက်မှုများသည် လွတ်လပ်ခွင့်ကို အခွင့်အရေးအရသာ ပြန်လည်ရရှိစေပြီး၊ ပြစ်မှုထင်ရှားကြောင်းစီရင်ချက်များကိုမူ တရားဝင်ဖြစ်နေစေသည်။ ထို့ကြောင့် နောင်တွင် ပြစ်ဒဏ်စီရင်ချက်များကို ဖျက်သိမ်းရန် ကတိကဝတ်ရှိမှသာ ဤဆောင်ရွက်ချက်ကို အသုံးပြုသင့်သည်။ ပိုမိုသဘောကျလက်ခံဖွယ်ကောင်းသော ရွေးချယ်မှုမှာ ပြစ်မှုထင်ရှားကြောင်း ပြစ်ဒဏ်စီရင်ချက်များကို လုံးဝအာဏာမတည်ဘဲပျက်ပြယ်စေခြင်း ဖြစ်သည်။[78] အစိုးရသည် တရားမဝင်သော ပြစ်ဒဏ်စီရင်ချက်များအဖြစ် ကြေညာကာ သတင်းထောက်များအား ချက်ချင်းလွှတ်ပေးရန်အတွက် *တရားရုံးရှေ့တော်သွင်းစာချွန်တော် အမိန့် (Writ of Habeas*

[77] ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၂၀၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ (၁၈၉၈)။

[78] အာဏာမတည်ပျက်ပြယ်စေခြင်း (Nullifying) သည် ပြစ်ဒဏ်စီရင်ချက်ကို အစမှစ၍ ပျက်ပြယ်စေပြီး စစ်တပ်၏လုပ်ရပ်များသည် တရားမဝင်ကြောင်းနှင့် ဥပဒေမဲ့ကြောင်းကို ဖော်ပြသည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ပေးခြင်း (Pardoning) သည် မူလပြစ်ဒဏ်စီရင်ချက်မှာ ဆက်လက်သက်ရောက်မှုမရှိတော့ကြောင်း ကြေညာခြင်းဖြစ်ပြီး၊ ထိုစီရင်ချက်အား ဥပဒေအရတရားဝင်ဖြစ်စေသည်။

*corpus)*ကို ထုတ်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အသနားခံလျှောက်ထားခြင်းဖြင့် ယင်းနည်းလမ်းကို ဆောင်ရွက်နိုင်သည်။[79]

ရာဇဝတ်မှုဆိုင်ရာဥပဒေများ အပါအဝင် မီဒီယာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြောင်းလဲမှု မပြီးမချင်း သတင်းသမားများအား အနာဂတ်တွင် ဖမ်းဆီးထိန်းသိမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် အပြင်းအထန်နှောင့်ယှက်ခြင်းများမှ ကာကွယ်တားဆီးရန်မှာလည်း လက်ရှိတွင်အရေးတကြီး လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခု ဖြစ်သည်။ စစ်တပ်အပါအဝင် အစိုးရအရာရှိများသည် သတင်းသမားများအပေါ် တိုင်ကြားမှုအများစုတွင် တာဝန်ရှိပြီး၊ သတင်းသမားများအပေါ် တရားစွဲဆိုမှုများကို ထောက်ခံခဲ့ကြသောကြောင့် ဒီမိုကရေစီဆန်ပြီး ပွင့်လင်းသည့် ပတ်ဝန်းကျင်အသစ်တစ်ရပ်ကို ဖော်ဆောင်ရန် လိုအပ်နေပါသည်။ အစိုးရသစ်အနေဖြင့် မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်မြှင့်တင်ရန် ၎င်းတို့၏ကတိကဝတ်ကို အတည်ပြုသည့် အမှုဆောင်ညွှန်ကြားချက်တစ်ရပ်ကို ထုတ်ပြန်ကာ အစိုးရအရာရှိအားလုံးကို လိုက်နာရန် ညွှန်ကြားနိုင်သည်။[80] ယင်းညွှန်ကြားချက်တွင် မီဒီယာများအပေါ် တိုင်ကြားသည့် မည်သည့်တိုင်ကြားမှုမဆို အထက်တွင်ဖော်ပြခဲ့သည့် လွတ်လပ်သော စာနယ်ဇင်းကောင်စီသို့ တင်သွင်းရမည်ဖြစ်ကြောင်းကိုလည်း အတည်ပြုပြောကြားနိုင်သည်။

နောက်တစ်ဆင့်မှာ မီဒီယာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် အတိတ်က ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရနေခဲ့ခြင်းများကို ဖြေရှင်းပေးမည့် ရေရှည်စီမံချက်တစ်ရပ်ကို စတင်အကောင်အထည်ဖော်ရန်ဖြစ်သည်။ အစိုးရသစ်အနေဖြင့် အမှန်တရား၊ ပြန်လည်သင့်မြတ်ရေး၊ တရားမျှတမှုနှင့် တာဝန်ခံမှုတို့ကို ရရှိစေရန် ရည်ရွယ်ခန့်အပ်ထားသည့် အထွေထွေကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရန် စဉ်းစားပြီး ဖြစ်ကောင်းဖြစ်နိုင်သည်။ မီဒီယာကိုယ်စားလှယ်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ဤကော်မရှင်တွင် မီဒီယာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သီးခြားကဏ္ဍခွဲတခုကို

[79] ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၃၇၈။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (အမှတ် ၂၀/၂၀၁၀)။ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ (အမှတ် ၂၄/၂၀၁၄)။

[80] နိုင်ငံတကာတရားရုံးချုပ်တွင် ရင်ဆိုင်ခဲ့ရသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများဆိုင်ရာ တရားစီရင်မှုတစ်ခုကြောင့် ယခင် NLD အစိုးရသည် အစိုးရဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာဝန်ထမ်းများအား အမုန်းစကားဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်ရန်နှင့် "အမုန်းစကား" များ မဖြန့်ဝေရန် သို့မဟုတ် အကြမ်းဖက်ခြင်းကို မလှုံ့ဆော်ရန် အမှုဆောင်ညွှန်ကြားချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ Radio Free Asia (၂၀၂၀)၊ "မြန်မာ အမုန်းစကားဆန့်ကျင်ရေး အမိန့်များသည် ရိုဟင်ဂျာများအပေါ် ခွဲခြားဆက်ဆံမှု ရပ်တန့်ရန် ရည်ရွယ်"။

ထည့်သွင်းနိုင်သည်။ ယင်းသည် အဖွဲ့ခွဲငယ်တစ်ခုအဖြစ်ဖြစ်စေ၊ သို့မဟုတ် သီးခြားစီဖြစ်သော်လည်း ကော်မရှင်နှင့် ချိတ်ဆက်ထားသည့် အဖွဲ့အစည်းတစ်ခုအဖြစ်ဖြစ်စေ ဆောင်ရွက်နိုင်သည်။ ကော်မရှင်သည် လမ်းကြောင်းနှစ်ခုဖြင့် လုပ်ဆောင်သင့်သည်။ ယင်းတို့မှာ ကျူးလွန်သူများကို စုံစမ်းစစ်ဆေးပြီး တာဝန်ခံမှုရှိစေရန် ဆောင်ရွက်ခြင်း နှင့် ထိခိုက်ခံစားရသည့် သတင်းသမားများအတွက် ကုစားမှုများ ပေးအပ်ခြင်းတို့ ဖြစ်သည်။ အချိန်အကန့်အသတ်များရှိနိုင်သောကြောင့် စုံစမ်းစစ်ဆေးမှုများသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ် ပြင်းထန်ဆုံးချိုးဖောက်မှုများကို ဦးစွာအာရုံစိုက်သင့်သည်။ ကုစားမှုများတွင် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်စီရင်ချက်များကို အာဏာမတည်ပျက်ပြယ်စေခြင်း၊ သိမ်းဆည်းခံရသည့် ပိုင်ဆိုင်မှုများ ပြန်လည်ပေးအပ်ခြင်း၊ စီးပွားရေးဆုံးရှုံးမှုများနှင့် ခံစားခဲ့ရသည့် အကြမ်းဖက်မှုများအတွက် လျော်ကြေးပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးလိုအပ်ချက်အတွက် ထောက်ပံ့ခြင်းနှင့် ပြန်လည်သင်ကြားပေးခြင်း အပြင် နိုင်ငံတော်ကိုယ်စား လူသိရှင်ကြား တောင်းပန်ခြင်းတို့ကိုပါ ထည့်သွင်းနိုင်သည်။ ကော်မရှင်အနေဖြင့် အာဏာသိမ်းစစ်တပ်၏ မတရားရရှိထားသော ပိုင်ဆိုင်မှုများကို ရောင်းချ၍ လျော်ကြေးပေးရန်အတွက် ရန်ပုံငွေရှာဖွေခြင်းတို့ကိုပါ တာဝန်ယူနိုင်သည်။

# ၈။ နိဂုံးချုပ်

မြန်မာ့တော်လှန်ရေးလှုပ်ရှားမှုသည် သမိုင်းဝင် အရေးကြီးသော လမ်းဆုံလမ်းခွတစ်ခုတွင် ရောက်ရှိနေပြီး၊ ယခင်အစိုးရ၏ နှေးကွေးကာ၊ မရှိသလောက် သေးငယ်ပြီး၊ မပြီးပြည့်စုံသည့် ပြုပြင်ပြောင်းလဲရေးကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ကြိုးပမ်းမှုများမှ အားနည်းချက်များကို ရှောင်ရှား၍ စစ်မှန်သော ဒီမိုကရေစီသို့ ကူးပြောင်းနိုင်မည့် ထူးခြားသည့် အခွင့်အလမ်းတစ်ရပ်ကိုလည်း ပေးစွမ်းလျက်ရှိသည်။ ဤကြိုးပမ်းအားထုတ်မှုအတွက် အရေးကြီးသည်မှာ မီဒီယာစည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လွတ်လပ်သော မီဒီယာကို အထောက်အကူပြုနိုင်ကာ၊

အသွင်ကူးပြောင်းရေးကာလတွင် လူထုပါဝင်မှုကို အားပေးပြီး၊ တာဝန်ခံမှုကို သေချာစေနိုင်မည် ဖြစ်သည်။

မီဒီယာစည်းမျဉ်းစည်းကမ်းများကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရေး ကြိုးပမ်းအားထုတ်မှုများသည် များစွာအာရုံစိုက်ရန် လိုအပ်သည်။ စစ်တပ်၏ ဥပဒေပြင်ဆင်မှုများကို အာဏာမတည်ပျက်ပြယ်စေမည့် ဥပဒေကြမ်းတစ်ခုကို လျင်မြန်စွာ အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ပြည့်စုံသော လူ့အခွင့်အရေးအာမခံချက်များပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခြင်းတို့သည် အရေးပါသော ကနဦးခြေလှမ်းများဖြစ်သည်။ သို့ရာတွင် စစ်မှန်သော ပြုပြင်ပြောင်းလဲရေးအတွက် ရာဇသတ်ကြီးဥပဒေ (၁၈၆၁ ခုနှစ်)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄ ခုနှစ်) နှင့် သတင်းမီဒီယာဥပဒေ (၂၀၁၄ ခုနှစ်) ကဲ့သို့သော ဥပဒေများကို သိသာထင်ရှားစွာ ပြင်ဆင်ရန် လိုအပ်သည်။ ဒီမိုကရေစီဆန်သော ရည်မှန်းချက်များနှင့် ကိုက်ညီပြီး ပိုမိုလျင်မြန်၍ ထိရောက်သော ဖြေရှင်းနည်းမှာ "မီဒီယာလွတ်လပ်ခွင့်ဥပဒေ" သို့မဟုတ် "လူ့အခွင့်အရေးဥပဒေ" ကဲ့သို့သော ဥပဒေအသစ်တစ်ရပ်ကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ယင်းဥပဒေအာဏာအား လက်ရှိတည်ဆဲနှင့် အစားထိုးထားသော ဥပဒေများကို လွှမ်းမိုးပျက်ပြယ်စေကာ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄ ခုနှစ်) ကဲ့သို့သော ဒီမိုကရေစီမဆန်သည့် ဥပဒေများကို ပယ်ဖျက်ခြင်း နည်းလမ်းဖြစ်သည်။

ဥပဒေပြုပြင်ပြောင်းလဲရေးသည် အချိန်ယူရသည့် ကိစ္စဖြစ်သော်လည်း အစိုးရသစ်အနေဖြင့် ဒီမိုကရေစီပတ်ဝန်းကျင်ကို တက်ကြွစွာကြိုတင်၍ ပြန်လည်ပုံဖော်ရန်နှင့် လူထုဆွေးနွေးပွဲများကို တိုးချဲ့ရန်အတွက် အခြားနည်းလမ်းများဖြင့်လည်း လုပ်ဆောင်နိုင်သည်။ အစိုးရအဖွဲ့အစည်းများနှင့် ဌာနများသည် ၎င်းတို့၏ သဘောထားနှင့် အပြုအမူများကို ပြောင်းလဲခြင်းဖြင့် ဒီမိုကရေစီစိတ်ဓာတ်ကို လက်ခံကျင့်သုံးနိုင်သည်။ ပွင့်လင်းမြင်သာမှုကို အားပေးခြင်း၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအပြင်၊ တိုင်ကြားမှုများကို တရားရုံးများသို့ တိုက်ရိုက်မပို့ဘဲ လွတ်လပ်သော စာနယ်ဇင်းကောင်စီသို့ လမ်းကြောင်းပြောင်းလဲပေးခြင်းတို့က အပြုသဘောဆောင်သော ပြောင်းလဲမှုများကို ဖြစ်ပေါ်စေနိုင်သည်။

ICNL INTERNATIONAL CENTER FOR NOT-FOR-PROFIT LAW

ဤအတွေးအခေါ်စာတမ်းတွင် ဖော်ပြထားသည့် အဆိုပြုချက်များသည် လုံးဝဥဿုံမပြည့်စုံသေးသော်လည်း သတင်းအချက်အလက်များပိုမိုရရှိစေကာမူဝါဒရေးဆွဲချမှတ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးထားသည်။ စဉ်ဆက်မပြတ်နက်နဲစွာဆွေးနွေးအဖြေရှာခြင်းများ မရှိခဲ့သည့် ယခင်ပြုပြင်ပြောင်းလဲရေးများနှင့်မတူဘဲ အရပ်ဘက်အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်သူများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းက မြန်မာနိုင်ငံအား ထိုစုပေါင်းကျွမ်းကျင်မှုများကို အသုံးပြုခွင့်ရစေနိုင်ပြီး၊ ပြည်သူလူထု၏ ရည်မှန်းချက်၊ တန်ဖိုးများနှင့် ကိုက်ညီသော မီဒီယာစည်းမျဉ်းစည်းကမ်းကိုလည်း ဖန်တီးနိုင်လိမ့်မည်ဖြစ်ပါသည်။